မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၆၅)

ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော့။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မသန်စွမ်းသူများအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအတားအဆီးများ ဖိုင်းဝန်းဖယ်ရှား

နေပြည်တော် ဒီဇင်ဘာ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B.Parajuli ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❐

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော်လယ်ဝေး မြို့လယ်ရှိ သီရိရတနာမြို့မဈေးကြီးကို နာရီစင်ကြီးနှင့်အတူ ဤသို့ယှဉ်တွဲတွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

ဖွံ့ဖြိုးစည်ပင်လာသော နေပြည်တော်လယ်ဝေး

နေပြည်တော် ဒီဇင်ဘာ ၃

နေပြည်တော်လယ်ဝေးသည် နေပြည်တော်အတွင်း ပါဝင်သည့် မြို့နယ်တစ်ခုဖြစ်သည်။ နိုင်ငံတော်က နေပြည်တော်ကြီးကို တည်ဆောက်ခဲ့ပြီးနောက်ပိုင်း နေပြည်တော်လယ်ဝေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အထူးသဖြင့် ရန်ကုန်-မန္တလေး မော်တော်ကားလမ်းမကြီး ဖြတ်သန်းသွားလာရာ မြို့လယ်မီးပွိုင့်သည်လည်းကောင်း၊ မြို့တွင်းလမ်းများသည်လည်းကောင်း၊ သီရိရတနာ မြို့မဈေးကြီးသည်လည်းကောင်း သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲလာသည်ကို သတိပြုမိသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ✳

သတင်းမှတ်စု
အေးသန္တာသိန်း နှင့် မြကေခိုင်စိုး
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင်(မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်အစိုးရ အနေဖြင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်သော ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ် ဖြစ်ထွန်း ပေါ်ပေါက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို ရှေးရှုကာ နိုင်ငံအနှံ့ လမ်းတံတားများကို ကွန်ရက်သဖွယ် တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိသည်။

ဖွင့်လှစ်

မွန်ပြည်နယ်သည် နိုင်ငံတော်၏ အမျိုးသား စီးပွားရေး ကဏ္ဍတွင် အရေးပါသည့် *စာမျက်နှာ ၈ ကော်လံ ၆* ●

သွေးချင်းတို့ဌာနေ ရာမညမြေမှ ပေါင်းကူးဆက်သွယ်ရေးစွမ်းအား စစ်တောင်းတံတား (မုပ္ပလင်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၄ ရက်)

လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ အကောင်အထည်ဖော် မျိုးချစ်စိတ်ဓာတ်ခိုင်မာစွာဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၁ရက်နေ့ကကျင်းပခဲ့ရာ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ဆွေးနွေး မှာကြားခဲ့သည်။

၂၀၁၀ခုနှစ် လွတ်လပ်ရေးနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပေသည်။

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးဦးတည်ချက်လေးရပ်ကို အောက်ပါအတိုင်း ချမှတ်ပေးထားသည်-

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့်အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးတို့ဖြစ်သည်။

လွတ်လပ်ရေးနေ့အခမ်းအနားကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာရေးနယ်နိမိတ်အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်း၊ ခရိုင်၊ မြို့နယ်များအလိုက် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များပေါင်းစပ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် အသက်သွေးချွေးပေါင်းများစွာ ရင်းနှီးရယူခဲ့ရသည့် လွတ်လပ်ရေး၏ တန်ဖိုးကို မမေ့လျော့ဘဲ တိုင်းရင်းသားပြည်သူများ၊ မျိုးဆက်သစ်လူငယ်များ သိရှိနားလည်စေရန်နှင့် အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ဖြစ်ထွန်းပေါ်ပေါက်စေရန်အတွက် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း အလေးအနက်ပြု ကျင်းပပေးနေခြင်းဖြစ်သည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လွတ်လပ်ရေး၏တန်ဖိုးကို သိရှိနားလည်ပြီး ထာဝစဉ်တည်တံ့ခိုင်မြဲနေရန် မျိုးချစ်စိတ်ဓာတ်ခိုင်မာစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်းတကော် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃

ပဲခူးမြို့နယ် အင်းတကော် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို လာမည့် ဒီဇင်ဘာ ၁၃ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အင်းတကော် အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် တပည့်ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ယခင်နှစ်များက မတက်ရောက်နိုင်ခဲ့ကြသော တပည့်ကျောင်းသား ကျောင်းသူများ ယခုနှစ်တွင် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက ဦးကျော်ငွေ ဖုန်း-၀၁-၅၇၂၁၄၆၊ ဦးခင်စိုး ဖုန်း-၀၉-၈၆၅၀၃၉၇၊ ဦးကျော်ရှင်း ဖုန်း-၀၁-၇၀၉၁၁၁၊ ဒေါက်တာ ငွေအောင် ဖုန်း-၀၉-၅၁၈၉၉၁၂၊ ဦးတင်စိုး ဖုန်း-၀၉-၅၃၆၃၇၄၈၊ ဗိုလ်မှူးခွန် ငွေကျော် ဖုန်း-၀၉-၅၀၁၁၇၆၃၊ ဦးသန်းထိုက်အောင် ဖုန်း-၀၉-၅၀၆၀၅၂၃၊ ဦးမင်းကြည် ဖုန်း-၀၉-၅၁၉၄၃၀၇ နှင့် ဒေါ်အေးအေးသင်း ဖုန်း-၀၁-၇၀၇၈၅၁တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၄-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အိုင်စီတီသုတ
၄:၂၀	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၃၅	၅။	မဟာဂီတ ချိုကြည်မြ
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀	၁၀။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များအကြောင်း **အာဖရိက၏ တောတွင်း တိရစ္ဆာန်များ** (အပိုင်း-၄)
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၃၀	၁၄။	"ရွာ" ဟာသဇာတ်လမ်းတွဲ **သာရင်သမက်** မေတ္တာ၊ ပေါ်လေး၊ ကျော်ဘသော်၊ မိုးကောင်း
၆:၅၀	၁၅။	စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၂၅)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ပေးတဲ့ ဆက်သွယ်ရေး
	၂၂။	ရှင်သန်နေသောသီချင်းများ (Living Songs) လူမောင်(ဆေး-၁) **သတိရနေမှာပါ** (အပိုင်း-၁)
	၂၃။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၄။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးအချစ်** (အပိုင်း-၈)

ဗဟန်းမြို့နယ် ပြန်/ဆက် မြေစိုက်နံရံကပ် စာစောင်ပြဘုတ်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၃

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် MILKY WAY Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးသော် ဆောက်လုပ်လှူဒါန်းသော ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်နံရံကပ် စာစောင်ပြဘုတ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ရက် နံနက် ၈နာရီကကျင်းပရာ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ဗဟန်းမြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်နှင့် အလှူရှင် MILKY WAY Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးသော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ရှင်းလင်း

ရှေးဦးစွာ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် MILKY WAY Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာဦးမျိုးသော်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်ရုံး စာကြည့်တိုက်အတွက် အလှူရှင်ဦးတင်ထွန်းမိသားစု (လက်စလီလက်ဖက်ရည်ဆိုင်)က ငွေကျပ် ၆၅၀၀၀တန်ဖိုးရှိ လစဉ် စာအုပ်များလှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

လှူဒါန်း

တာမွေမြို့နယ် ကျောက်မြောင်း ရတနာလမ်း အမှတ်၁၉နေ မနီလာထွေးက မိခင်ကြီး ဒေါ်စိန်ဥအား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းအုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အဋ္ဌနာဋ္ဌိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဘာဝနာ(၄၀)တရားတော်** (အပိုင်း-၂) ဆရာတော် ဘဒ္ဒန္တသုမန
၆:၄၅	ငြိမ်းချမ်းမြေမှ ရတနာလာဘမုနိ ဆုတောင်းပြည့်မြွေဘုရား
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၁၆)
၈:၃၀	Sports World (Planet Speed)
၈:၅၅	သွေးကင်ဆာရောဂါနှင့် အနာဂတ်ဆေးပညာ
၉:၂၅	လုံခြုံနွေးထွေးမှုမှသည် ထူးချွန်ထက်မြက်သော အနာဂတ်ဆီသို့
၉:၄၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်ခင်လေးဆွေ) (အပိုင်း-၂)
၁၀:၃၀	ရွှေဖြူ၏အလေ့အလွှင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ်ရော်ဘာဆီသို့
၁၀:၅၀	Make in a Delicious Way (စပိန်အစားအစာပြုလုပ်နည်း)
၁၁:၁၅	လန်းဆန်းသွက်လက်စေဖို့အတွက် ပန်းမွေးဆီသုံးရေချိုးစက်
၁၁:၄၀	ဖက်ရှင်လမ်းညွှန် (EMO & Gothic Fashion)
၁၂:၀၅	တံငါတံတား
၁၂:၁၀	နွယ်ငြိမ်းရဲ့သင်္ကေတ… မြန်မာ့အလှ
၁၂:၃၀	Science Tech Today
၁၂:၄၀	လုံခြုံနွေးထွေးမှုမှသည် ထူးချွန်ထက်မြက်သောအနာဂတ်ဆီသို့
၁:၀၀	**ဘာဝနာ(၄၀)တရားတော်** (အပိုင်း-၂) ဆရာတော် ဘဒ္ဒန္တသုမန
၂:၀၀	MRTV-4 သတင်း
၂:၄၅	World of Knowledge (Samurai Bow)
၃:၄၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃:၅၅	လန်းဆန်းသွက်လက်စေဖို့အတွက် ပန်းမွေးဆီသုံးရေချိုးစက်
၄:၂၅	Science Tech Today
၄:၄၀	သွေးကင်ဆာရောဂါနှင့် အနာဂတ်ဆေးပညာ
၅:၀၀	VJ Choice
၅:၃၅	သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်ချစ်စရာနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၆:၀၀	MRTV-4 သတင်း
၆:၂၀	လှပသစ်ဆန်းအလှပြင်ခန်း (Tony Tun Tun Beauty Planet)
၆:၄၅	ဖက်ရှင်လမ်းညွှန် (EMO & Gothic Fashion)
၇:၁၅	Make in a Delicious Way (စပိန်အစားအစာပြုလုပ်နည်း)
၇:၄၀	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	VJ Choice
၉:၀၀	သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်ချစ်စရာနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၁၆)
၁၀:၀၀	လှပသစ်ဆန်းအလှပြင်ခန်း (Tony Tun Tun Beauty Planet)
၁၀:၂၅	မြန်မာမှုလက်ရာပန်းတဉ်းပညာ
၁၀:၅၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၀၀	Say it in English
၁၁:၂၅	"အင်း" ငွေပန်းထိမ်ရဲ့အငွေ့အသက်
၁၁:၄၀	ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်နေသော ရွှေတန့်တစ်စံပြကျေးရွာ
၁၁:၅၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

4-12 (02).pmd 1 12/4/2009, 12:46 PM

❒ *ရှေ့ဖုံးမှ*

The Leprosy Mission International Country Director ဒေါက်တာအောင်နိုင်၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် နှစ်စဉ် ဒီဇင်ဘာ ၃ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ထူးချွန်ဆုရ မသန်စွမ်းသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှိသည့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်ခွန်အားများ မြင့်မားလာစေရန်၊ သန်စွမ်းသူများနည်းတူ တန်းတူရည်တူ အခွင့်အရေးများရရှိစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ရက်ရောက်တိုင်း ယခုကဲ့သို့ အခမ်းအနားမျိုးကို အစဉ်အလာမပျက် ဂုဏ်ပြုကျင်းပပေးခဲ့သည်မှာ ယခုနှစ်သည် (၁၆)နှစ်မြောက် ကျင်းပခြင်း ဖြစ်ကြောင်း။

ဦးတည်ချက်

ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် နှစ်စဉ်နှစ်တိုင်း ဦးတည်ချက်များ ချမှတ်ပေးလေ့ရှိကြောင်း၊ ၂၀၀၉ ခုနှစ်အတွက် ချမှတ်ပေးသည့် ဦးတည်ချက်မှာ " Making the MDGs Inclusive; Empowerment of Persons With Disabilities and their Communities around the World" **ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်ဝစေရေး၊ မသန်စွမ်းသူများကိုလည်း ပိုမိုဆောင်ရွက်ခွင့်ပေး"** ဖြစ်ကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးက (၂၁)ရာစုတွင် ပိုမိုလုံခြုံစိတ်ချ၍ လူများပိုမိုရှင်လန်းပြီး ပိုမိုကြွယ်ဝချမ်းသာသည့် ကမ္ဘာကြီးပေါ်ထွန်းလာရေးကို ရှေးရှုသည့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက် ပန်းတိုင်များ (Millennium Development Goals) ကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ရက်တွင် ချမှတ်ခဲ့ကြောင်း၊ ရည်မှန်းချက်ပန်းတိုင် (၁၈)ခုပါဝင်သည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသည် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ တစ်ချိန်တည်းမှာပင် စားနပ်ရိက္ခာ၊ လောင်စာ၊ ငွေကြေး၊ တုပ်ကွေးစသည့် အကျပ်အတည်းများစွာနှင့် အန္တရာယ်ကြီးမားလှသည့် ရာသီဥတု အပြောင်းအလဲကိစ္စများကို ကျော်လွှားနိုင်အောင် ဆောင်ရွက်နေကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် (၂၁)ရာစုတွင် ပိုမိုကောင်းမွန်သော၊ ပိုမိုသာယာဝပြောသော၊ ငြိမ်းချမ်းသော ကမ္ဘာကြီးတည်ဆောက်ရေးဆိုင်ရာ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များကို နိုင်ငံတကာ အသိုက်အဝန်းနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးကိစ္စများသည် လွန်ခဲ့သည့်(၂၀)ရာစု နှောင်းပိုင်းကစ၍ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက အထူးအာရုံစိုက်ခဲ့သည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ ၁၉၇၁ခုနှစ်တွင် ဉာဏ်ရည်မမီသူများ၏ အခွင့်အရေးဆိုင်ရာ ကြေညာချက်၊ ၁၉၇၅ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက်တို့ကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ထုတ်ပြန်ပေးခဲ့ကြောင်း။

တွန်းအားပေး

ယင်းကာလက ကမ္ဘာနှင့်အဝန်းတွင် ကိုယ်ခန္ဓာနှင့် စိတ်ကျန်းမာရေး မကောင်းသူ သန်းပေါင်းငါးရာမျှ ရှိနေသည်ကို ဂရုပြုမိပြီး ၁၉၇၉ခုနှစ် ဒီဇင်ဘာ ၁၆ရက်တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၈၁ခုနှစ်ကို "နိုင်ငံတကာမသန်စွမ်းသူများနှစ်" ဟု သတ်မှတ်ပေးခဲ့ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဆုံးဖြတ်ချက်ကို နိုင်ငံတကာက ပူးပေါင်းပါဝင်ကျင်းပခဲ့သည့်အတွက် ကမ္ဘာ့လူဦးရေ၏ ၁၀ရာခိုင်နှုန်းခန့်ရှိသော မသန်စွမ်းသူများ၏အရေးကို ပိုမိုအာရုံစိုက်နိုင်ခဲ့ကြောင်း၊ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ၁၉၈၂ ခုနှစ်တွင် မသန်စွမ်းသူများနှင့်ပတ်သက်သည့် ကမ္ဘာ့လုပ်ငန်းအစီအစဉ် ထွက်ပေါ်လာခဲ့ကြောင်း၊ ယင်းအစီအစဉ်သည် မသန်စွမ်းမှုနယ်ပယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် တွန်းအားပေးနိုင်ခဲ့ကြောင်း။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံလည်းဖြစ်၊ အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့် လူမှုရေးဦးတည်ချက်ကို ဖော်ဆောင်ရာတွင် ထိခိုက်လွယ်ပြီး အင်အားနည်းသော ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်မှုကို အထူးဂရုပြုပြီး ဆောင်ရွက်ပေးနေကြောင်း၊ ဤသို့ဆောင်ရွက်ရာ၌ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်သည့် လုပ်ငန်းများရှိသကဲ့သို့ အစိုးရမဟုတ်သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်လည်း လက်တွဲပူးပေါင်းပြီး ဆောင်ရွက်နေသည် ဖြစ်သည့်အတွက် တိုးတက်မှုများ ရရှိနေပြီဟု ပြောကြားလိုကြောင်း။

မျက်မှောက်ခေတ်တွင် မသန်စွမ်းသူများသည် သနားစရာ၊ ကရုဏာသက်စရာ လူသားများ မဟုတ်ကြတော့ဘဲ ကမ္ဘာကြီးသာယာလှပစေရေးအတွက် အခြားကမ္ဘာသူကမ္ဘာသားများနည်းတူ ကြိုးပမ်းဆောင်ရွက်နေကြသူများ ဖြစ်ကြကြောင်း၊ ဤသို့ဆောင်ရွက်နိုင်အောင်လည်း နေရာပေးဆောင်ရွက်ခွင့်ပေးကြရန်လိုကြောင်း၊ ယနေ့တိုးတက်ပြောင်းလဲနေသော IT နည်းပညာခေတ်တွင် မသန်စွမ်းသူများအနေဖြင့် အတားအဆီးများကို အတော်အသင့်ကျော်လွှားနိုင်ကြပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘာ့နေရာဒေသတော်တော်များများတွင်တော့ မသန်စွမ်းသူများအတွက် အတားအဆီးများသည် ယနေ့တိုင် ရှိနေကြသေးကြောင်း။

ထို့ကြောင့် ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်ဝရေး၊ မသန်စွမ်းသူများအတွက် အခွင့်အလမ်းများပေါ်ပေါက်လာနိုင်ရေးနှင့် အတားအဆီးအခက်အခဲများကို ဖယ်ရှားပစ်ပြီး စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် "မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်" (Convention on the Rights of Persons with Disabilities) ကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလမှာ ကျင်းပသည့် (၆၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက သဘောတူထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ထိုစာချုပ်တွင် အပိုဒ်ပေါင်း (၅၀)ပါဝင်ပြီး မသန်စွမ်းသူများ၏ အများပြည်သူဆိုင်ရာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအားလုံး ခြုံငုံပါဝင်နေသည်ကို တွေ့ရကြောင်း။

ကြည့်ရှုစောင့်ရှောက်

ထေရဝါဒဗုဒ္ဓသာသနာ၏ အဆုံးအမအောက်တွင် ဗြဟ္မစိုရ်တရားလေးပါးကို ထာဝစဉ်အလေးအမြတ်ထားသည့် မိမိတို့မြန်မာနိုင်ငံ၌ မသန်စွမ်းသူများအပေါ် နှိမ့်ချဆက်ဆံလေ့မရှိဘဲ မသန်စွမ်းသူများ၏ ခံစားချက်ကို စာနာဆပ္ပား အလေးထားသည့် ဓလေ့စရိုက်သည် ရှေးယခင်ကတည်းက ရှိနှင့်ပြီးသားဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ် မေလ ၂၉ရက်နေ့က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၂)တွင် မသန်စွမ်းသူများကို နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်ရန် အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ အရေးကို ဆောင်ရွက်ရာ၌ CBR ဟု ခေါ်သော ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း (Community Based Rehabilitation) များ ထွန်းကားပြန့်ပွားရေးနှင့် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးသည် အထူးအရေးကြီးလှကြောင်း၊ CBR ဆိုသည်မှာ ရပ်ရွာလူထုအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝ ပြန်လည်ထူထောင်ရေး၊ အခွင့်အရေးများ တန်းတူခံစားရရှိလာနိုင်ရေးနှင့် ၄င်းတို့အားလုံး လူမှုရေး နယ်ပယ်အဝဝတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းလာနိုင်ရေးတို့ကို အခြေခံ၍ ရပ်ရွာလူထုတစ်ရပ်လုံး ဘက်စုံတိုးတက်ဖွံ့ဖြိုးရန်အတွက် စုပေါင်းလုပ်ဆောင်သော လုပ်ငန်းစဉ်နည်းဗျူဟာတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤလုပ်ငန်းစဉ်သည် မသန်စွမ်းသူများ၊ မိသားစုများ၊ အသင်းအဖွဲ့များ၊ ရပ်ရွာပြည်သူလူထုနှင့် ဌာနဆိုင်ရာ အစိုးရအဖွဲ့အစည်းများအားလုံးစုပေါင်း၍ လက်တွဲပါဝင်လုပ်ဆောင်အကောင်အထည်ဖော်ရမည့် "**ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်း**" ပင် ဖြစ်ကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် The Leprosy Mission International (TLMI) အဖွဲ့နှင့် ပူးပေါင်းလက်တွဲပြီးအမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက် ရေးဆွဲလျက်ရှိကြောင်း၊ ပြည်နယ်/တိုင်း ခုနစ်ခုက မြို့နယ် ၁၂၀၊ အိမ်ထောင်စုပေါင်း ၁၈၀၀၀၀ထံ ကွင်းဆင်းလေ့လာပြီးဖြစ်ကြောင်း၊ ဤသို့ လေ့လာဆန်းစစ်မှုများကို အခြေခံ၍ ညှိနှိုင်းရေးဆွဲအတည်ပြုထွက်ပေါ်လာမည့် ဤစီမံချက်သည် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပိုမိုရှင်သန် ထက်မြက်စေပြီး ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင် ရောက်ရှိရေးရည်မှန်းချက်ကို ဖော်ဆောင်ရာ၌ အထောက်အကူပြုစေမည်မှာ မလွဲဟု ပြောကြားလိုကြောင်း။

ပေါ်ထွန်းလာ

မျက်မှောက်ခေတ် ဆယ်စုနှစ်အတွင်းမှာပင် မသန်စွမ်းသူများဆိုင်ရာ၊ အဖွဲ့အစည်းများ တစ်ခုပြီးတစ်ခု ပေါ်ထွန်းလာခြင်းသည် အလွန်အားရ ကျေနပ်စရာဖြစ်ကြောင်း၊ "ကိုယ်တိုင်ကိုယ်ကျပါဝင်မှ သန်စွမ်းလုပဒ္ဒိရဲ့ဘဝ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဤအဖွဲ့အစည်းများ၌ မသန်စွမ်းသူများကိုယ်တိုင် အဓိကဦးဆောင်ပြီး အစီအစဉ်ရေးဆွဲမှု၊ စီမံခန့်ခွဲမှု၊ ဆုံးဖြတ်ချက်ချမှုနှင့် အကောင်အထည်ဖော်မှုများ ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အကယ်၍ သန်စွမ်းသူများကသာ အရာခပ်သိမ်းကို ဦးဆောင် လုပ်ကိုင်ပေးနေမည်ဆိုလျှင် မသန်စွမ်းသူများအနေဖြင့် မိမိတွင်ရှိသည့် စွမ်းရည်ဖြင့် လုပ်ဆောင်နိုင်မှုအပေါ်၌ ယုံကြည်ချက် အားနည်းလာပြီး နောင်တွင်လည်း သူတို့ကပင် ဦးဆောင်လုပ်ပေးလိမ့်မည်ဆိုသည့်အသိဖြင့် ရေသာခိစိတ်များဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူများ၏ အရေးကိစ္စများကို မသန်စွမ်းသူများကိုယ်တိုင် ဆုံးဖြတ်လုပ်ကိုင်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ကြောင်း။

မသန်စွမ်းသူများ အသုံးပြုကြသည့် အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် Wheel Chair များကို မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ထုတ်လုပ်သည့် လုပ်ငန်းကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက ဆောင်ရွက်နေသကဲ့သို့ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)က လည်း နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Latter Day Saint Charities (LDSC) နှင့် ပူးပေါင်း၍ ဆောင်ရွက်နေသည်ဟု သိရကြောင်း၊ ထို့အပြင် မသန်စွမ်းသူများ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်အောင် မတည်ရင်းနှီးငွေထုတ်ပေးနေသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားအိမ်တွင်းမှု စီးပွားရေးလုပ်ငန်းဆိုင်ရာ ပညာရပ်များကိုပါ သင်ကြားပို့ချပေးခြင်းသည် "ရှာဖွေဖော်ထုတ် မသန်စွမ်းသူများနဲ့ သင့်လျော်သော အလုပ်" ဆိုသည့် ဆောင်ပုဒ်ကို မင်္ဂလာတရားတော်နှင့်အညီ လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နိုင်ခြင်းပင် ဖြစ်ကြောင်း။

၂၀၀၇ခုနှစ် ဒီဇင်ဘာလက မန္တလေးနားမကြားသော ကလေးများကျောင်းနှင့် ရန်ကုန် မေရီချက်ပ်မင်းနားမကြားသော ကလေးများကျောင်း၊ မန္တလေးနားမကြားလူငယ့်ရိပ်သာ၊ ရန်ကုန်နားမကြားအသင်းတို့က နားမကြားသူများကိုယ်တိုင်ပါဝင်အားထုတ်ပြုစုခဲ့သော "လက်သင်္ကေတပြအဘိဓာန်စာအုပ်" ကို ထုတ်ဝေခဲ့ပြီးဖြစ်သကဲ့သို့ ပြီးခဲ့သည့် စက်တင်ဘာလ ၆ရက်နေ့က "မြန်မာလက်သင်္ကေတပြ ဘာသာစကားပြောစာအုပ်" ကို ထပ်မံ၍ ထုတ်ဝေနိုင်ခဲ့ကြောင်း၊ အခြားနိုင်ငံများက လက်သင်္ကေတပြဘာသာစကားကို အတုယူ၊ ပုံစံတူကူးယူတာမျိုးမဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် လိုက်လျောညီထွေရှိသည့် မြန်မာကိုယ်ပိုင်ဟန် လက်သင်္ကေတပြဘာသာစကားကို ဖော်ထုတ်ပြုစုထားသည့် အဆင့်မြင့်သဒ္ဒါစာအုပ် တစ်အုပ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံက နားမကြားသူများ၏ ဘဝမြင့်တင်ရေးကို ဆောင်ရွက်ရာ၌ ထင်ရှားသော သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ဂုဏ်ပြုချီးမြှင့်

"လူတိုင်းအကျုံးဝင်ပညာရေး" ဖော်ဆောင်မှုနှင့် မသန်စွမ်းသင်တန်းကျောင်း အသီးသီးက ကျောင်းသား ကျောင်းသူလေးများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၃ဦး၊ ၂၀၀၆ခုနှစ်တွင် ခုနစ်ဦး၊ ၂၀၀၇ခုနှစ်တွင် ငါးဦး၊ ၂၀၀၈ခုနှစ်တွင် ခြောက်ဦးနှင့် ၂၀၀၉ခုနှစ်တွင် သုံးဦး အောင်မြင်ခဲ့ကြကြောင်း၊ သူတို့ကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီးဖြစ်သကဲ့သို့ အဆင့်မြင့် တက္ကသိုလ်ပညာရပ်များ ဆက်လက် ဆည်းပူးနိုင်အောင်လည်း ဆောင်ရွက်ပေးနေကြောင်း။

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က ဦးဆောင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်း အားကစားပြိုင်ပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပပေးပြီး ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအရပ်ရပ်က မသန်စွမ်းသူများပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော အားပေးကူညီပံ့ပိုးနေကြသည့် ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပစေတနာရှင်များ အားလုံးကို နိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- မသန်စွမ်းသူများ၏ အရေးကိစ္စသည် လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးမှု ကိစ္စတစ်ရပ်အဖြစ် လက်ခံ နားလည်သဘောပေါက်ကြပြီး "ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်း" များ ရှင်သန်ထက်မြက်လာအောင် ဝိုင်းဝန်းကူညီ အားပေးကြပါ။
- ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်သစ် တည်ဆောက်ရေးနှင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို မသန်စွမ်းသူများအားလုံး စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအတားအဆီးများကို ဝိုင်းဝန်းဖယ်ရှားပေးကြပါ။
- "ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်ဝစေရေး၊ မသန်စွမ်းသူများကိုလည်း ပိုမို ဆောင်ရွက်ခွင့်ပေး" ဆိုသည့် ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဦးတည်ချက်နှင့်အညီ မသန်စွမ်းသူများကို ပိုမို ဆောင်ရွက်ခွင့်များ ပေးရင်း ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်ဆီကို တက်ညီလက်ညီ အရောက်လှမ်းကြပါစို့ဟု တိုက်တွန်း ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေ ညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli က ဖတ်ကြားသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ထူးချွန်ဆုရ မသန်စွမ်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် ဌာနေညှိနှိုင်းရေးမှူး Mr.Bishow B.Parajuli တို့က မသန်စွမ်းကျောင်းများမှ ဘက်စုံထူးချွန် မသန်စွမ်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အစည်းအဝေးခန်းမရှေ့၌ ပြသထားသည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ၊ မသန်စွမ်းကျောင်းများ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမဝါယမဝန်ကြီးဌာန ရန်ကုန်သမဝါယမဒီဂရီကောလိပ် (သန်လျင်)မှ ပါမောက္ခ/ဌာနမှူး ဒေါ်တင့်ဆန်းအား ယင်းဝန်ကြီးဌာန စစ်ကိုင်းသမဝါယမကောလိပ် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးစိုးကိုကိုအား ယင်းဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဘိုးဘွားစာဆိုများနှင့် တွေ့ဆုံခန်း

* ဘိုးစာဆို၊ ဘွားစာဆို။
အသက်အရွယ် ရင့်လေမှကွယ်
ဘဝနေညို။
သို့သော်လည်းစိတ်နုပျို
အတိတ်ယူသလို ဟိုဒီငေး။
စာကောင်းဟာ ဘယ်လိုပါလိမ့်
စာနုယဉ် ဘယ်သွင်ဆင်ရဲ့
စာသဘင် ဘယ့်နှယ်ရှိပုံ
သိလိုပါ ပြန်ဖြေကြားပါကြောင်း
သားမြေးကမေး။

* မြေးလူငယ် သားလူရွယ်။
ပျိုနုစဉ် အရွယ်အသက်ရယ်နဲ့
ထက်မြက်သူရယ်။
အမေးရှိတော့ အဖြေရှိတယ်
အဖြေအသွယ်သွယ်မှာတော့ ရလဒ်အမျိုးမျိုး။
အရင်းစစ်လေတော့
စာ့အချစ်ဟာ လောကကိုချစ်ပါမှ....
လောကအချစ်ဟာ ကိုယ့်မြေကိုချစ်ပါမှ....
အနှစ်ပါမယ် သတိဆောင်းပါလော့
ခေတ်အခါအလယ် အသိမပောင်းပါနဲ့
စာကောင်းဟာ စိတ်ကောင်းမွေးပါမှ
အတွေးယှဉ် စာခရီးမှာ
ထီးနှယ်အုပ်မိုး။ ။

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

ဦးကျင်လှိုင်အားရည်စူး၍ တိုက် ၉ အခန်း ၄၀ နှင်းဆီလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့နေ ဇနီး ဒေါ်ခြောက်ထောင် မိသားစုနှင့် ဦးသန်းအားရည်စူး၍ အမှတ် ၅၁ လမ်းမတော်လမ်း လမ်းမတော်မြို့နယ် ဒေါ်အုန်းကြည် မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် လေးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂) ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (သတင်းစဉ်)

အာဖဂန်နစ္စတန်ဆိုင်ရာ မဟာဗျူဟာသစ် သမ္မတဇာဒါရီထံ အိုဘားမား ဆက်သွယ်အသိပေး

ဝါရှင်တန် ဒီဇင်ဘာ ၃

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ မဟာဗျူဟာသစ်ကို ထုတ်ပြန်ပြီးမကြေညာမီ နာရီပိုင်းအလိုတွင် ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီထံသို့ ဒီဇင်ဘာ ၁ရက်က ဖုန်းဆက်ပြီး အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ မဟာဗျူဟာသစ်ကို ထောက်ခံရန် မေတ္တာရပ်ခံလိုက်သည်။

အမေရိကန်သမ္မတ အိုဘားမားက ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ အစွန်းရောက်ဝါဒီများအား တိုက်ခိုက်ရန် ကြိုးပမ်းအားထုတ်ရာတွင် ပါကစ္စတန်နိုင်ငံ၏ အကြီးအကျယ် စွန့်လွှတ်အနစ်နာခံမှုကို ထောက်ခံအားပေးကြောင်း၊ မိမိတို့ရည်မှန်းချက်သည် အယ်လ်ခိုင်ဒါတို့ကို တိုက်ခိုက်ချေမှုန်းအနိုင်ရရှိရန်ပင်ဖြစ်ပြီး ပါကစ္စတန်နိုင်ငံရှိ အဆိုပါဒေသတွင် တည်ငြိမ်မှုရရှိရန်လည်းဖြစ်ကြောင်း အလေးအနက်ထား ပြောကြားသည်။

ထောက်ခံအားပေး

အမေရိကန်နှင့် ပါကစ္စတန်ခေါင်းဆောင်နှစ်ဦးတို့က နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးသော မိတ်ဖက်နိုင်ငံများဖြစ်ခြင်းသည် အောင်မြင်မှုရရှိရေးအတွက် ပဓာနကျသော မဖြစ်မနေလုပ်ဆောင်ရမည့် အချက်ဖြစ်သည်ဆိုသည်ကို သဘောတူညီကြသည်။ အစွန်းရောက်ဝါဒီများအား တိုက်ဖျက်ချေမှုန်းရန် ပါကစ္စတန်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို ဆက်လက်ထောက်ခံအားပေးမည်ဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ကတိပြုခဲ့သည်။

(အင်တာနက်)

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံအတွက် ပြင်ဆင်ထားရှိမှုကို ဒီဇင်ဘာ ၃ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ပတ်ဝန်းကျင်ဆိုင်ရာ အနုပညာပွဲတော် အီရန် ဟောမုဇ်ကျွန်း၌ကျင်းပမည်

တီဟီရန် ဒီဇင်ဘာ ၃

အီရန်နိုင်ငံတောင်ပိုင်းရှိ ဟောမုဇ်ကျွန်းတွင် ကျင်းပမည့် (၂၅)နှစ်မြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အနုပညာပွဲတော်သို့ လာရောက်မည့် သဘာဝချစ်သူ အနုပညာရှင်များကို အိမ်ရှင်အဖြစ် လက်ခံသွားရန် စီစဉ်နေသည်။

အသုံးပြုနိုင်

ယင်းပွဲတော်သို့ လာရောက်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပန်းချီ ပန်းပုပညာရှင်များအား ဖိတ်ကြားထားကြောင်း၊ ယင်းပန်းချီပန်းပုပညာရှင်များအနေဖြင့် မြေဟု အမည်ပေးထားသော ပန်းချီ ပန်းပုလက်ရာများကို ဖန်တီးနိုင်ကြောင်း၊ ယင်းသို့ဖန်တီးရာတွင် အီရန်နိုင်ငံ ဟောမုဇ်ကျွန်းမှ ရောင်စုံသဲမြေများကို အသုံးပြုနိုင်ကြောင်း သိရသည်။

သုံးစွဲခွင့်ပြု

သို့ရာတွင် ထူးခြားသောဟောမုဇ်ကျွန်း သဘာဝသယံဇာတများကိုထိန်းသိမ်းနိုင်ရန် ယင်းရှိ သဲများကို အကန့်အသတ်ဖြင့်သာ သုံးစွဲခွင့်ပြုမည်ဟု သိရသည်။

(အင်တာနက်)

လိပ်လွှတ်ပွဲတော်

ကိုလံဘီယာနိုင်ငံ ရှိဆာဂိုကမ်းခြေ၌ ကျင်းပသည့် လိပ်လွှတ်ပွဲတော်ကို ဒီဇင်ဘာ ၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အရှေ့အလယ်ပိုင်းဒေသ စစ်သုံးစရိတ် ဆော်ဒီအာရေဗျနိုင်ငံ အများဆုံးသုံးစွဲခဲ့

ရီယာ့ဒ် ဒီဇင်ဘာ ၃

ကမ္ဘာ့စီးပွားရေးကျဆင်းနေခြင်းကြောင့် ဆော်ဒီအာရေဗျ စစ်ရေးရည်မှန်းချက်ကို မထိခိုက်ကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် စစ်သုံးစရိတ် အများဆုံးနိုင်ငံအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း သိရသည်။

ဆော်ဒီအာရေဗျ စစ်သုံးစရိတ်သည် ၂၀၀၉ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၀ဒသမ၅ ဘီလီယံအထိရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သိရ

အစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် စစ်သုံးစရိတ် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ အစ္စရေးနိုင်ငံ၏ စစ်သုံးစရိတ်မှာ စစ်ပစ္စည်းဝယ်ယူစရိတ် ၁၃ဘီလီယံရှိသည်ဟုလည်း သိရသည်။

ဖော်ပြ

အရှေ့အလယ်ပိုင်းဒေသ စစ်သုံးစရိတ်သည် ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၇ ဘီလီယံရှိခဲ့ရာမှ အမေရိကန်ဒေါ်လာ ၁၀၂ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း စီအင်န်အင်န်သတင်း၌ ဖော်ပြထားသည်။ ***(အင်တာနက်)***

တရုတ်နိုင်ငံ နန်စီဟူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ယန်ချူမြို့ ဓာတုပစ္စည်းစက်ရုံ၌ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို ဒီဇင်ဘာ ၃ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား သံမဏိစက်ရုံ တည်ဆောက်မည်

ဂျကာတာ ဒီဇင်ဘာ ၃

အင်ဒိုနီးရှားရှိ ပီတီကရာကာတောသံမဏိကုမ္ပဏီနှင့် တောင်ကိုရီးယားရှိ ပိုစကိုကုမ္ပဏီတို့ပူးပေါင်းကာ အင်ဒိုနီးရှားနိုင်ငံ ဘန်တန်မြို့၌ ၂၀၁၀ခုနှစ်တွင် သံမဏိပြားထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနက ပြောကြားသည်။

ရည်ရွယ်ထား

အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၅ဘီလီယံကုန်ကျခံမည်ဖြစ်ပြီး ၂၀၁၃ခုနှစ်တွင် စက်ရုံကို စတင်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်ဟု ဆိုသည်။ စက်ရုံလည်ပတ်နိုင်ပါက ကနဦးထုတ်လုပ်မှုပမာဏတန်ချိန် ၂ ဒသမ ၅သန်းအထိ နှစ်စဉ်ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

နည်းပညာ

ပီတီကရာကာတော သံမဏိကုမ္ပဏီအနေဖြင့် တောင်ကိုရီးယားပိုစကိုကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ သံမဏိထုတ်လုပ်မှုနည်းပညာကို မြင့်တင်သွားရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ပီတီကရာကာတော သံမဏိကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဖာဇဝါဘူဂျက်က ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်ရေတပ်ဌာနချုပ် အသေခံပုံးခွဲတိုက်ခိုက်ခံရ နှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၃

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ရှိ ရေတပ်ဌာနချုပ်အပြင်ဘက်၌ ဒီဇင်ဘာ ၂ရက် မွန်းလွဲ ၁ နာရီခွဲခန့်က အသေခံဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အသေခံဗုံးခွဲသမားမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များစွာချထားသည့် စစ်ဆေးရေးဂိတ်၌ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး စစ်ဆေးရေးဂိတ်ရှိ ရဲတပ်ဖွဲ့ဝင်များက ၎င်း၏နိုင်ငံသားကတ်ပြားနှင့် ကိုယ်ခန္ဓာအား ရှာဖွေမှုများပြုလုပ်ခဲ့စဉ် ဗုံးခွဲသမားက ၎င်း၏ကုတ်အင်္ကျီကိုချွတ်ကာ အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

အသေခံဗုံးခွဲသမားမှာ အသက် ၁၇နှစ်မှ၁၈နှစ်ကြားရှိ လူငယ်တစ်ဦးဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် အနီးအနားရှိ အဆောက်အအုံများနှင့် မော်တော်ယာဉ်များ ပျက်စီးသွားကာ**(အောက်ပုံ)** လေးဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသည်။

ပြောကြား

အကြမ်းဖက်သမားများ အနေဖြင့် ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများကို ပြုလုပ်လာလျက်ရှိကြောင်း၊ ယခုအသေခံဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ အကြမ်းဖက်သမားများအား အပြင်းအထန် ပြစ်တင်ရှုတ်ချကြောင်း ပါကစ္စတန်သမ္မတ အလီဇာဒါရီက ပြောကြားသည်ဟု သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မက္ကဆီကို မူးယစ်စစ်ဆင်ရေး၌ မူးယစ်ဂိုဏ်းသား ၁၇ဦးသေဆုံး

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၃

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း၌ ဒီဇင်ဘာ ၁ရက်က ပြုလုပ်ခဲ့သည့် မူးယစ်စစ်ဆင်ရေးတိုက်ပွဲ၌ မူးယစ်ဂိုဏ်းသား ၁၇ဦး သေဆုံးကြောင်း ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

ယင်းစစ်ဆင်ရေးသည် အမေရိကန်နယ်စပ်ဒေသဖြစ်သည့် ချီဟူရာပြည်နယ်မှ ဖြတ်ကျော်ကာ မက္ကဆီကိုနိုင်ငံမြောက်ပိုင်းဒေသများ၌ နိုင်ငံတကာမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့များကြီးစိုးရာဒေသကို တိုက်ခိုက်ချေမှုန်းခြင်းဖြစ်သည်။

အဆိုပါဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၈၅၀၀ ဖြန့်ကြက်ချထားသည့်ကြားမှပင် မူးယစ်မှောင်ခိုနှင့် ဆက်နွှယ်သူများ ဝင်ရောက်လျက်ရှိသည်။

ယင်းမူးယစ်စစ်ဆင်ရေး တိုက်ပွဲများဆင်နွှဲရန် ဥရောပနှင့်မြောက်အမေရိကနိုင်ငံများမှ တပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ရန် သဘောတူညီလျက်ရှိကြောင်း အေအက်ဖ်ပီ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

(အင်တာနက်)

နိုင်ဂျီးရီးယား၌ ပြင်သစ်ရင်းနှီးမြှုပ်နှံမည်

လေဂို့စ် ဒီဇင်ဘာ ၃

ပြင်သစ်အစိုးရသည် နိုင်ဂျီးရီးယားနိုင်ငံ၌ ၂၀၀၉ခုနှစ်မှ ၂၀၁၃ခုနှစ်အတွင်း စီးပွားရေးနှင့် လူမှုရေးစီမံကိန်းအမျိုးမျိုး အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အမေရိကန်ဒေါ်လာတစ်သန်း ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ထားကြောင်း နိုင်ဂျီးရီးယား ထရီဗျူး သတင်းစာက ရေးသားဖော်ပြသည်။

ထုတ်ဖော်ပြောကြား

နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး ဂျင်-မာကယ်ဒူမွန်က နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကက်ဆီနာပြည်နယ်အုပ်ချုပ်ရေးမှူး အီဘရာဟင်ရှီးမားထံသို့ အလည်အပတ်ရောက်ရှိစဉ်အတွင်း အဆိုပါ ကိစ္စရပ်ကို ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းရေးသားသည်

တောင်ကိုရီးယားရှိ သက်မွေးပညာသင်ကျောင်း လက်တွေ့ခန်း၌ ပေါက်ကွဲမှုဖြစ်ပွား

တောင်ကိုရီးယားနိုင်ငံ ပိုချွမ်မြို့ရှိ သက်မွေးပညာသင်ကျောင်း၏ လက်တွေ့ခန်း၌ ဒီဇင်ဘာ ၃ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

တရုတ်အရှေ့ပိုင်း၌ ဆီးနှင်းများ ထူထပ်စွာကျဆင်း

*တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်နှင့်အခြားပြည်နယ်အစိတ်အပိုင်းအချို့တွင် ဒီဇင်ဘာ ၃ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ မော်တော်ယာဉ်သွားလာရေးခက်ခဲပြီး လမ်းများပေါ်၌ မော်တော်ယာဉ်ရာပေါင်းများစွာ ရပ်ထားခဲ့ရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)***

ဖိလစ်ပိုင်အရှေ့မြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

ဖိလစ်ပိုင်နိုင်ငံ အရှေ့မြောက်ပိုင်းကမ်းလွန်တွင် ဒီဇင်ဘာ ၃ရက် နံနက်က ရစ်ချ်တာစကေး ၆ အဆင့်ရှိသော အင်အားပြင်းငလျင်လှုပ်သွားကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရွှေတန်ဖိုးများ မြင့်တက်လျက်ရှိရာ တရုတ်ဈေးကွက်၌ ဒီဇင်ဘာ ၃ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၂၄ ဒသမ ၁၁ ဒေါ်လာရှိခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

တရုတ်အရှေ့ပိုင်း ဖန်ဟွာမြို့၌ မီးလောင်မှုဖြစ်ပွား

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျီကျင်းပြည်နယ် ဖန်ဟွာမြို့၌ ဒီဇင်ဘာ ၃ရက်က လူနေအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးကြောင်း တရုတ်မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိရာ ဂျပန်ဈေးကွက်၌ ဂျပန်ယန်းငွေ ၈၇ ယန်းလျှင် ဒီဇင်ဘာ ၃ ရက် ဈေးပိတ်ချိန်၌ အမေရိကန်တစ်ဒေါ်လာရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ဘရာဇီးနှင့် ယူကရိန်းပူးပေါင်းပြီး ဂြိုဟ်တုလွှတ်တင်မည်

ဘရာဇီးနှင့် ယူကရိန်း နှစ်နိုင်ငံတို့ ပူး ပေါင်း ၍ ၂၀၁၀နှစ်ကုန်တွင် ဆိုင်ကလုန်း - ၄ အမည်ရှိ ဒုံးပျံတစ်စင်းကို လွှတ်တင်ရန် စီစဉ်ထားကြောင်း၊ ယင်းဒုံးပျံသည် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

(ဝဲပုံ)

(အင်တာနက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၃

ရန်ကုန်တိုင်း(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ကော့မှူး-ဒလ၊ ကွမ်းခြံကုန်း-ဒလ၊ ကွမ်းခြံကုန်း-သခင်မြပန်းခြံလမ်းကြောင်းအတိုင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဆွေးနွေးဟောပြောပွဲအခမ်းအနားကို ကွမ်းခြံကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ နိုဝင်ဘာ ၂၈ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ပညာပေးဆွေးနွေး

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးမြင့်ကြည်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး ပညာပေးဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)** **(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**

မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲ တာချီလိတ်၌ ကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် လူထုအခြေပြု မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၇ရက် နံနက် ၈နာရီက တာချီလိတ်မြို့ ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှဗိုလ်မှူးကြီးခင်မောင်စိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်သိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သင်တန်းသားမိသားစုများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အစီအစဉ်အရ ဗိုလ်မှူးကြီးခင်မောင်စိုးက အမှာစကားပြောကြားပြီး တာချီလိတ်မြို့ ပြန်လည်ထူထောင်ရေးစခန်းမှ စခန်းမန်နေဂျာ ဦးထွန်းလင်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် သရဖူစာကြည့်တိုက်ဆောက်လုပ်ရန် အုတ်မြစ်ချပွဲနှင့် ပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံစောလှိုင်က ပန္နက်တိုင်ကို စိုက်ထူပေးစဉ်။

(မြန်မာ့အလင်း)

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ဝါးခယ်မ၌ ကျင်းပ

ဝါးခယ်မ ဒီဇင်ဘာ ၃

မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျုံပေါက်ကျေးရွာအုပ်စု လယ်သမားဦးမြဝင်း၏ ကွင်းအမှတ် ၉၄၇၊ ဦးပိုင်အမှတ်(၃၆/၂)နံ့ကား မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၉ရက် နံနက်က ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်မြေစာရင်း ဦးစီးမှူး၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ၊ ခရိုင်ဆည်မြောင်းဦးစီးဌာနမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ကျုံပေါက်ကျေးရွာအုပ်စုတောင်သူဦးမြဝင်း၏ နံ့ကားမိုးစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးအထွက်နှုန်း ၇၂ဒသမ၀၉တင်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိမ်မဲမြို့နယ် ပွင့်ဖူးစာကြည့်တိုက် ရွှေဘိုစုကျေးရွာ၌ ပန္နက်တင်

အိမ်မဲ ဒီဇင်ဘာ ၃

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် ရွှေဘိုစုကျေးရွာ၌ နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်မည့် ပွင့်ဖူးစာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

ယင်းပန္နက်တင် မင်္ဂလာအခမ်းအနားတွင် မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်လှကြည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ရီ၊ ရွှေဘိုစု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းရီနှင့် ရပ်မိရပ်ဖများက ပန္နက်တင်ပေးကြသည်။ **(အောက်ပုံ)**

ဆွေးနွေး

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ အောင်မြင်ရှင်သန်ရေး ဆွေးနွေးသည်။ ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုင်းကြာဟုန်က စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေး ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ခုခံအားကျ ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား ညောင်ဦးခရိုင်၌ ကျင်းပ

ညောင်ဦး ဒီဇင်ဘာ ၃

ညောင်ဦးခရိုင်တွင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် စာစီစာကုံး၊ ပန်းချီ၊ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက်က ညောင်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက စာစီစာကုံး၊ ပန်းချီနှင့် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ပြီး ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းအတွင်း နံရံကပ်စာစောင်၊ လက်ကမ်းစာစောင်နှင့် ဆုရရှိသူများ၏အဖြေလွှာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်ကျင့်သုံးရေး ရေနံချောင်းမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

ရေနံချောင်း ဒီဇင်ဘာ ၃

ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်၊ စာထောက်-၃ ဒေါ်ချိုမီအောင်နှင့် ရုပ်သံ-၃ ဦးသိန်းဇော်တို့သည် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ် စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်ရေးအတွက် ကမ္ဗကျေးရွာ၊ လက်ခုပွင့်ရွာ၊ သပွတ်စုရွာ၊ သားလူးကန်ရွာ၊ ဖောင်းကတောအရှေ့၊ ဖောင်းကတောမြောက်၊ ဖောင်းကတောတောင်နှင့် ထိန်ချောင်းရွာများသို့ အောက်တိုဘာ ၂၀ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှင်းလင်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ရေး ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက ကျေးရွာစာကြည့်တိုက်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ပြန်လည်တင်ပြဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

4-12 (05).pmd 1 12/4/2009, 12:46 PM

ပုံနှိပ်လုပ်ငန်းအရည်အသွေးစစ်ဆေးမှု ပိုမိုစေ့စပ်သေချာစွာ ကြပ်မတ်လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်

ပုံနှိပ်စက်ကြံ့ခိုင်ရေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)၏ ပုံနှိပ်လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒီဇင်ဘာ ၁ရက် နံနက် ၈နာရီတွင် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)သို့ရောက်ရှိပြီး ပုံနှိပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဝန်ကြီးသည် စက်ရုံဝင်းအတွင်း အရိပ်ရလေကာပင်နှင့် စားပင်သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေးစီမံဆောင်ရွက်ထားရှိမှု၊ ပုံနှိပ်စက်ရုံ အဆောက်အအုံများ ကြံ့ခိုင်ထိန်းသိမ်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်း ပုံနှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များ၏ အရည်အသွေးကောင်းမွန်မှု၊ ကုန်ကြမ်းစက္ကူလိပ်များ သိုလှောင်ထားရှိမှုအခြေအနေ၊ ပုံနှိပ်ပြီး ဖတ်စာအုပ်များ စာအုပ်ချုပ်ရန်အတွက် ဆောင်ရွက်နေမှုအခြေအနေ၊ စာအုပ်ချုပ်စက်များ၊ စက္ကူဖြတ်စက်များ၊ ပလိတ်ပြားသွေးစက်၊ ဓာတ်ပုံနှင့် ပုံနှိပ်လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း အရိပ်ရလေကာပင်၊ နှစ်ရှည်သီးပင်နှင့် စားသုံးသီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သန့်ရှင်းသပ်ရပ်ရေးအတွက် စနစ်တကျဆောင်ရွက်ထားရှိရေး၊ ပုံနှိပ်စက်ရုံ အဆောက်အအုံ အတွင်းပိုင်း ကြံ့ခိုင်ထိန်းသိမ်းမှုကို အစဉ်စောင့်ကြည့်၍ မပြတ်ပြုပြင်ဆောင်ရွက်ရေး၊ ကုန်ကြမ်း၊ကုန်ချောများထားသိုမှု ပိုမိုစနစ်တကျရှိစေရေး၊ အစဉ်အရည်အသွေးကောင်းမွန်သည့် ပုံနှိပ်ကုန်ချောများထွက်ရှိစေရန်အတွက် ကုန်ကြမ်းပြင်ဆင်မှုမှသည် ကုန်ချောထွက်ရှိသည်အထိ ပုံနှိပ်လုပ်ငန်းအဆင့်ဆင့်တွင် တာဝန်ရှိသူအသီးသီးက အရည်အသွေးစစ်ဆေးမှုကို ပိုမိုစေ့စပ်သေချာစွာ ကြပ်မတ်စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းသုံးသပ်ဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်ကြရေး၊ ကုန်ကြမ်းအလေအလွင့်မရှိအောင် ကြပ်မတ်စီမံဆောင်ရွက်ရေး၊ ဝန်ထမ်းအားလုံး၏ သက်သာချောင်ချိရေးကို အထူးအလေးထား စီမံဖြည့်ဆည်းပေးရေးတို့ကို တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေမြှင့်မှ လူမျိုးတင့်မည်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)၌ ပုံနှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များ၏ အရည်အသွေး ကောင်းမွန်မှု၊ ကုန်ကြမ်းစက္ကူများ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အနောက်ပိုင်းဒေသများ၌ ညအပူချိန်ကျဆင်းဖွယ်

နေပြည်တော် ဒီဇင်ဘာ ၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၅ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၄ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအနောက်ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်ကျဆင်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်ဆုံးရအားကစားသတင်း

ကာလင်းဖလားအကြိုဗိုလ်လုပွဲ မန်စီးတီးနှင့် ဘလက်ဘန်းတို့ တက်ရောက်

လန်ဒန် ဒီဇင်ဘာ ၃

ကာလင်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၃ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ မန်စီးတီးက အာဆင်နယ်ကို ဂိုးပြတ်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မန်စီးတီးနှင့် အာဆင်နယ်တို့သည် တစ်ဖက်နှင့်တစ်ဖက် ဂိုးမပေးရရေး ပိတ်ဆို့ကစားခဲ့သော်လည်း ဒုတိယပိုင်းပြန်စပြီး ငါးမိနစ်အကြာ တိုက်စစ်မှူး ကားလို့စ် တီဗက်ဇ်က မန်စီးတီးအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ မန်စီးတီးအတွက် ဒုတိယမြောက်ဂိုးကို ပွဲချိန် ၆၄မိနစ်တွင် ရိုက်ဖီးလစ်က သွင်းယူခဲ့၍ မန်စီးတီးတို့ အကြိုဗိုလ်လုပွဲတက်ရောက်ရန် သေချာသွားခဲ့သည်။ အာဆင်နယ်တို့ ချေပဂိုးသွင်းယူရန် အကြိတ်အနယ် ပြန်လည်ထိုးဖောက်ကစားခဲ့သည်။ သို့သော်လည်း မန်စီးတီး၏ တိုက်စစ်မှာ အာဆင်နယ်ထက် ပိုကောင်းသည်။ ပွဲပြီးရန် တစ်မိနစ်အလိုတွင် လူစားဝင်လာသူ ဗလာဒီမာဝိစ်က မန်စီးတီးအတွက် တတိယအနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

မန်စီးတီးအတွက် အဖွင့်ဂိုးကို တီဗက်ဇ်က ဤသို့ သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အလွန်ပင်စိတ်ပျက်မိ

ပြိုင်ပွဲအပြီး မန်စီးတီးက အာဆင်နယ်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်၍ ၂၈နှစ်တာကာလအတွင်း ကာလင်းဖလားဆွတ်ခူးရန် လက်တစ်ကမ်းသို့ ရောက်ရှိလာသည်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက အလွန်ပင်စိတ်ပျက်မိကြောင်း ပြိုင်ပွဲအပြီး ငြီးတွားပြောဆိုသည်။

အာဆင်နယ်အသင်းသည် ၂၀၀၅ခုနှစ်က မန်ယူကိုနိုင်ပြီး အက်ဖ်အေဖလားဆွတ်ခူးခဲ့ပြီးနောက် ဖလားတစ်လုံးမျှ ဆွတ်ခူးနိုင်ခြင်း မရှိသေးချေ။

ဘလက်ဘန်း-ချယ်လ်ဆီး

ဘလက်ဘန်းနှင့် ချယ်လ်ဆီးတို့သည် ကာလင်းဖလား ကွာတားဖိုင်နယ်ပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘလက်ဘန်းက ပယ်နယ်တီဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဘလက်ဘန်းအတွက် အဖွင့်ဂိုးကို ကာလီနစ်က ပွဲစပြီး ကိုးမိနစ်အကြာ ခြောက်ကိုက်အကွာမှ ခေါင်းတိုက်ဂိုးဖြင့် သွင်းယူခဲ့သည်။ ဒုတိယပိုင်းပြန်စပြီး မကြာမီ လူစားဝင်လာသူ တိုက်စစ်မှူး ဒရော့ဘာက ချယ်လ်ဆီးအတွက် ခေါင်းတိုက်ဂိုးဖြင့်ပင် ချေပဂိုး သွင်းယူခဲ့သည်။ ယင်းဂိုးသွင်းယူပြီး မကြာမီ ကာလူးက ချယ်လ်ဆီးအတွက် သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ ဦးဆောင်အနိုင်ဂိုး ရရှိခဲ့သည်။

ဂိုးသွင်းယူ

ဘလက်ဘန်းတို့ ထပ်မံဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၆၄ မိနစ်တွင် အီမာတန်က ဘလက်ဘန်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ပွဲသိမ်းလေလွင့်ချိန်တွင် မက္ကာသီက ပယ်နယ်တီဖြင့် ဘလက်ဘန်းအတွက် တတိယဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးအတွက် ချယ်လ်ဆီးကစားသမား ဖယ်ရဲရားက ချေပခဲ့သည်။ ပွဲအပြီး တစ်ဖက်သုံးဂိုးစီသရေပွဲဖြစ်သွား၍ ပယ်နယ်တီအဆုံးအဖြတ်ယူခဲ့သည်။

တက်ရောက်

ချယ်လ်ဆီးအတွက် အဓိက အရေးကြီးသောပယ်နယ်တီဂိုးကို လူငယ်ကစားသမား ကာကူတာ ကန်သွင်းရာ လွဲချော်သွားခဲ့သည်။ ယင်းပယ်နယ်တီ လွဲချော်မှုကြောင့် ဘလက်ဘန်းတို့ ပယ်နယ်တီ လေးဂိုး-သုံးဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲ

အကြိုဗိုလ်လုပွဲအဖြစ် မန်ယူနှင့် မန်စီးတီး၊ ဘလက်ဘန်းနှင့် အက်စ်တွန်ဗီလာတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ။ ***(အင်တာနက်)***

အာကာကျော် - စုစည်းသည်

ထူးခြားသည့် ညအပူချိန်များ

၃-၁၂-၂၀၀၉

ဟားခါးမြို့
၀ ဒီဂရီစင်တီဂရိတ်

လွိုင်လင်မြို့
၂ ဒီဂရီစင်တီဂရိတ်

နမ့်စန်မြို့
၅ ဒီဂရီစင်တီဂရိတ်

ပင်လောင်းမြို့
၆ ဒီဂရီစင်တီဂရိတ်

ဟဲဟိုးမြို့
၆ ဒီဂရီစင်တီဂရိတ်

ပညာရွှေအိုး လူမခိုး

အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ စက်ပစ္စည်းများပေးသွင်းရန် စာချုပ်ချုပ်ဆိုပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အထူးဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (စစ်ကိုင်း)တို့သို့ စက်ပစ္စည်းများပေးသွင်းရန်နှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၌ ဆေးရုံသုံး စတီးလ်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် စက်ပစ္စည်းများပေးသွင်းရန် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Machinery & Equipment Imp & Exp Group Corporation တို့၏ စာချုပ်ချုပ်ဆိုပွဲကို ယမန်နေ့ နံနက် ၇နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများ၊ Shandong Machinery & Equipment Imp & Exp Group Corporation မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

စာချုပ်ချုပ်ဆိုပွဲတွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တိုးနှင့် Shandong Machinery & Equipment Imp & Exp Group Corporation မှ Deputy General Manager, Mr. Sun Quing တို့က စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ K.T.MARINE Co., Ltd. ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

ကိုရီးယားသမ္မတနိုင်ငံ K.T. MARINE Co., Ltd. ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့် အိုလံပစ်တာဝါ ဒုတိယထပ် အခန်းအမှတ် ၂၀၁ရှိ အဆိုပါ ကုမ္ပဏီရုံးခန်း၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သင်္ဘောသား အလုပ်အကိုင်ကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်နှင့် ကိုရီးယားသမ္မတနိုင်ငံ K.T.MARINE Co., Ltd. မှ Chairman, Mr. Lee Young IL တို့က ရုံးခန်းသစ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ကြိုဆိုနှုတ်ဆက်

ထို့နောက် K.T. MARINE Co., Ltd. မှ Chairman, Mr. Lee Young IL က အဖွင့်အမှာစကားပြောကြားပြီး K.T. MARINE Co., Ltd. ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ဦးကျော်ညွှန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ ဌာနေကိုယ်စားလှယ်ရုံးမှာ ကိုရီးယားသမ္မတနိုင်ငံ K.T.MARINE Co., Ltd. ၏ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသည့် တစ်ခုတည်းသော ဌာနေကိုယ်စားလှယ်ရုံးဖြစ်ပြီး သင်္ဘောသားများအား ရာထူးအဆင့်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ မိသားစုဘဝအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးတို့အပြင် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေများရရှိရေးအတွက် အဓိကရည်ရွယ်ချက်ထားရှိ ဆောင်ရွက်သွားမည်ဖြစ်သည်။

မကြာမီကပင် နိုင်ငံခြားသင်္ဘောနှစ်စင်းစာအတွက် အရာရှိအဆင့်မှ အောက်ခြေအဆင့်အထိ မြန်မာသင်္ဘောသား ၅၁ဦးအား ပေးပို့စီစဉ်ခဲ့ပြီးဖြစ်သည်။

စီစဉ်ထား

K.T.MARINE Co., Ltd. ၏ ဌာနေကိုယ်စားလှယ်ရုံးအနေဖြင့် မြန်မာသင်္ဘောသားများ ရသင့်ရထိုက်သော အခွင့်အလမ်းများ ပြည့်ပြည့်ဝဝ ရရှိစေရန် ဆောင်ရွက်သွားမည့်အပြင် သင်္ဘောသားများအား အသက်အန္တရာယ် လုံခြုံမှုဆိုင်ရာ သင်တန်း၊ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများအပါအဝင် လိုအပ်မည့်သင်တန်းများကိုလည်း ဌာနေကိုယ်စားလှယ်ရုံး၌ ဖွင့်လှစ်ပို့ချ သင်ကြားပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးညှင်းမြို့တွင် ပန်းအလှပင် ပြုစုပျိုးထောင်

မိုးညှင်း ဒီဇင်ဘာ ၃

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက နိုဝင်ဘာ ၁၈ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ယခုအပတ်ထုတ် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၃

TV Guide အတွဲ ၁၊ အမှတ် ၂၂ကို ဒီဇင်ဘာ ၄ရက်(သောကြာနေ့)တွင် ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide တွင် Channel V ရုပ်သံလိုင်း၌ပြသမည့် Beyonce ၏ Video Phone Music Video အစီအစဉ် အကြောင်း၊ MTV ရုပ်သံလိုင်းတွင်ပြသမည့် New Moon Special အစီအစဉ်၊ ကိုရီးယားမင်းသားချောရိန်း ပါဝင်ရိုက်ကူးထားသည့် Ninja & Assassin ရုပ်ရှင်အကြောင်း၊ ESPN နှင့် STAR SPORTS ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် မန်စီးတီး-ချယ်လ်ဆီး၊ ဝက်စ်ဟမ်း-မန်ယူ၊ ဘလက်ဘန်း-လီဗာပူး၊ ပို့စ်မောက်-ဘန်လေ၊ အဲဗာတန်-တော့တင်ဟမ်ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ လူအများ မသိရှိသေးတဲ့ ချင်ပန်ဇီမျောက်တွေရဲ့ ရက်စက်ကြမ်းကြုတ်မှုများကို မြင်တွေ့ရမည့် Nat Geo Wild ရုပ်သံလိုင်း၏ The Dark Side of Chimps အစီအစဉ်၊ NGC ရုပ်သံလိုင်းတွင်ပြသမည့် အမေရိကန်သမ္မတစီးနင်းသည့် Air Force One လေယာဉ်အကြောင်း၊ ရေခဲမြစ်များ လျင်မြန်စွာပျော်ကျနေသည့်အကြောင်းပြသမည့် Extreme Ice အစီအစဉ်အကြောင်း၊ Discovery ရုပ်သံလိုင်းတွင်ပြသမည့် ရောမနိုင်ငံ၏ အံ့သြဖွယ်နေရာ ခုနစ်ခုအကြောင်း၊ လိုဏ်ခေါင်းများ တည်ဆောက်ခြင်းအကြောင်း ပြသသည့် Built From Disater အစီအစဉ်၊ MRTV-4 ရုပ်သံလိုင်း၏ အစီအစဉ်သစ်တစ်ခုဖြစ်သည့် အများမြင်စရာ နှစ်ပါးသဘင်မဟာ အစီအစဉ်အကြောင်း၊ အဖြူရောင်ဖက်ရှင်၊ ဆိုနီ၊ မိုးကျော်၊ ဆုဝေလွင်တို့၏ မက်မဆုံးတဲ့ပြက်လုံး အစီအစဉ်၊ ဘရစ်တနီစပီးယားစ် အမေအကြောင်းသိရမည့်ဘဝများ အစီအစဉ်များပြသမည့် အကြောင်းများနှင့် ပါဝင်နေကျ ကဏ္ဍများ၊ တစ်ပတ်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆နှင့် ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ်လိုတိုရှင်းသတင်းများ

ရန်ကုန် ဒီဇင်ဘာ ၃

တီးတိန် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ စာဖတ်ရှိန်မြင့်မားရေးအတွက် နိုဝင်ဘာ ၂၅ရက်က မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကျင်းပရာ ရုပ်သံကျွမ်းကျင်(၃)ဦးထောင်းရှင်းလန့်က နိုဝင်ဘာ ၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင်မောင်ပိုင်၏ ဂုဏ်ရည်မြင့်၍ အရည်တင့်မည့်စာဆိုရာသီဆောင်းပါးနှင့် စာရေးဒေါ်ဇင်ခန့်အုပ်က ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၂၀) စာတည်းမှူး၏ ဥမကွဲသိုက်မပျက်ဆောင်းပါးတို့ကို ဖတ်ကြားကြပြီး ဒုတိယဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က ပြန်လည်ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

လေးမျက်နှာမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

လေးမျက်နှာမြို့နယ် ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါးအထွက်နှုန်းနှင့် စုစုပေါင်းအထွက်မှန်ကန်ရေးအတွက် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၄ရက် နံနက် ၉ နာရီက စာရေးကွင်းကျေးရွာအုပ်စု တောင်သူဦးခင်ရွှေ၏ မနောသုခစိုက်ခင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

စာအုပ်လှူဒါန်းပွဲ ထီးလင်း ထလင်းကျေးရွာ၌ ကျင်းပ

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထလင်းကျေးရွာ ယောမင်းကြီးစာကြည့်တိုက်၌ နိုဝင်ဘာ ၂၃ရက်က စာအုပ်လှူဒါန်းပွဲကျင်းပရာ ဂန့်ဂေါခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးညွန့်ဆောင်က စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြီး လှူဒါန်းသည့်စာအုပ်များကို အလှူရှင်များကိုယ်စား စာကြည့်တိုက် လက်ထောက်(၃)ဒေါ်ချိုချိုဝင်းက စာကြည့်တိုက်မှူးထံ ပေးအပ်လှူဒါန်းသည်။ *(၀၇၁)*

ဖလမ်းစည်ပင်သာယာ လမ်းကပ်တုံးများပြုလုပ်

ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဗိုလ်ချုပ်လမ်း အုတ်ရေမြောင်းနှင့် လမ်းကပ်တုံးများ ပြုလုပ်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၃ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးလေးနှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြသည်။ ***(ခရိုင် ပြန်/ဆက်)***

ကန့်ဘလူ၌ ယာဉ်နှင့်လမ်းစည်းကမ်းပညာပေး

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကန့်ဘလူမြို့နယ် လူစည်ကားရာနေရာများ၌ ယာဉ်အန္တရာယ် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ကျောင်း၊ ရုံးဌာနနှင့် အသင်းအဖွဲ့များ၌ ပညာပေးဟောပြောပွဲများဆောင်ရွက်ပြီး နိုဝင်ဘာ ၂၁ရက်မှ ၂၇ရက်အထိ ပညာပေးကာလသတ်မှတ်၍ ယာဉ်နှင့် လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ *(၀၂၇)*

ကြွပ်ကြွပ်အိတ်ကင်းစင်ရေး မိုးကောင်း၌ ပိုစတာစိုက်ထူ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့နယ်အတွင်း ကြွပ်ကြွပ်အိတ်အသုံးပြုမှု ကင်းစင်ပပျောက်ရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာကို နိုဝင်ဘာ ၁၉ရက်က မိုးကောင်းမြို့ နဝဒေးလမ်းနှင့်ဦးဖိုးစောလမ်းဆုံ၌စိုက်ထူကြရာ အမှုဆောင်အရာရှိဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ ***(၀၀၁)***

ရေစကြိုမြို့မဈေးကြီး၌ မီးငြိမ်းသတ်နည်း သရုပ်ပြ

မကွေးတိုင်း ရေစကြိုမြို့ မြို့မဈေးကြီး အရှေ့ဘက်မြေကွက်လပ်တွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် ဓာတ်တိုက်မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၄ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်လင်းနှင့် မီးသတ်ဝန်ထမ်းများဦးဆောင်၍ ဆောင်ရွက်ကြသည်။ *(၀၆၉)*

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ပေါင်မြို့၌ဖွင့်

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မြင့်ဝန်ဆောင်မှုလုပ်ငန်းကကြီးမှူးကျင်းပသည့် ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်(၂၀၀၉) ဖွင့်ပွဲကို နိုဝင်ဘာ ၂၁ရက်က ပေါင်မြို့ မြို့မအားကစားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြတ်အောင်ငွေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ကုတ်၌ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်

(၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို တောင်ကုတ်မြို့ အထကရှိ ပညာရတနာခန်းမ၌ နိုဝင်ဘာ ၁၁ရက်ကကျင်းပရာ အခမ်းအနားကို ကျောင်းသားကျောင်းသူများက ပြည်မြန်မာသီချင်း သီဆို၍ဖွင့်လှစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့် တာဝန်ရှိသူများက စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။ *(မြို့နယ် ပြန်/ဆက်)*

မြင်းမူမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

မြင်းမူမြို့နယ်၏ ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၉နာရီခွဲက ပျော့ရွာကွင်းအမှတ် ၃၆၅ ဦးပိုင်အမှတ်(၈၈-ခ) တွင်စိုက်ပျိုးထားသော တောင်သူ ဦးမိုးအေး၏လယ်မြေ ၂၁သမ ၆၄ကေ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းနှင့်တာဝန်ရှိသူများက စံနှုန်းသတ်မှတ်ရာ မနောသုခမိုးစပါးစံကွက်မှ တစ်ဧကလျှင် ၁၁၃တင်းနှုန်း ထွက်ရှိသည်။ ***(၀၃၅)***

မန္တလေး FM အုပ်ချုပ်မှုတာဝန်ခံ ဦးမြင့်ဇော်။

■ ကျောဖုံးမှ

အဆိုပါ လက်ဖက်ရည်ဆိုင်သို့ ကျွန်တော်တို့ရောက်လျှင် လေလှိုင်းကြားမှ (87.9) မန္တလေးFM ရေဒီယို က နေ့စဉ်ကြိုဆိုလျက်ရှိသည်။

တွေ့မြင်ကြားသိ

သို့ဖြင့် ကျွန်တော်တို့သည်လည်း မန္တလေး FM ပရိသတ်တစ်ဦး ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ ထို့အတူ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ သောတရှင်ပရိသတ်များသည်လည်း "မန္တလေး FM မှ မန္တလေး FM "ဖြစ်လာခဲ့ကြသည်။ အိမ်တွေမှာလည်း မန္တလေး FM၊ ကိုယ်ပိုင်ယာဉ်တွေပေါ်မှာလည်း မန္တလေး FM၊ သူ့လက်ပေါ်မှာလည်း မန္တလေး FM စသည်တို့ဖြင့် တွေ့မြင်ကြားခဲ့ရပြန်ပါသည်။

ကိုရီးယား ဇာတ်လမ်းတွဲများဖြင့်သာ ပျော်မွေ့လေ့ရှိသူ အစ်မဖြစ်သူတစ်ဦးကလည်း မန္တလေး FM အစီအစဉ်နားဆင်နိုင်ရန် ရေဒီယိုတစ်လုံး မကြာမီက ဝယ်ယူလိုက်သည်ကိုတွေ့ရသဖြင့် မန္တလေး FM၏ ဩဇာသက်ရောက်မှုကို အသိအမှတ်ပြုခဲ့ရလေပြီ။

စမ်းသပ်ထုတ်လွှင့်

မန္တလေး FM အသံလွှင့်အစီအစဉ်ကို ၂၀၀၈ခုနှစ် ဧပြီ ၃ရက်မှ စတင်၍ စမ်းသပ်ထုတ်လွှင့်ခဲ့သည်။ စတင်ထုတ်လွှင့်စဉ်က ပြန်လည်ထုတ်လွှင့်ခြင်းစနစ် အပါအဝင် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ ထုတ်လွှင့်ပေးခဲ့သည်။

ယင်းနောက် ၂၀၀၈ခုနှစ် ဧပြီ ၁၇ရက်မှ နိုဝင်ဘာ ၁၇ရက်အထိ နံနက် ၅နာရီခွဲမှ ၁၀နာရီခွဲ၊ နံနက် ၁၀နာရီခွဲမှ ညနေ ၃နာရီခွဲ၊ ညနေ ၃နာရီခွဲမှ ည ၈နာရီခွဲအထိ ပြန်လည်ထုတ်လွှင့်ခြင်းစနစ်ဖြင့် တစ်နေ့လျှင် ၁၅နာရီ ထုတ်လွှင့်ပေးခဲ့သည်။

၁၈နာရီကြာ

ထို့နောက် ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၈ရက်မှ ယနေ့ကာလအထိ နံနက် ၅နာရီမှ ည ၁၁နာရီအထိကို ပြန်လည်ထုတ်လွှင့်ခြင်းစနစ်မပါဘဲ တစ်နေ့လျှင် ဆက်တိုက် ၁၈နာရီကြာမျှ ထုတ်လွှင့်ပေးလျက်ရှိသည်။

လွှမ်းခြုံထုတ်လွှင့်သည့် ဒေသများမှာ ရန်ကုန်မြို့နှင့် မိုင် ၃၀ပတ်လည် တောင်ငူမြို့နှင့် မိုင် ၃၀ ပတ်လည်၊ မန္တလေးမြို့နှင့် မိုင် ၈၀ ပတ်လည်တို့ ဖြစ်ပြီး ထုတ်လွှင့်သည့် Frequency မှာ (၈၇ ဒသမ ၉)MHz ဖြစ်သည်။

ရည်ရွယ်ဆောင်ရွက်

ဝန်ထမ်းအင်အား ၁၀၈ဦးရှိပြီး မန္တလေး FM ရေဒီယို နားသောတဆင်သူ ပရိသတ်များအတွက် ဗဟုသုတများ၊ သတင်း အချက်အလက်များ၊ ဖျော်ဖြေမှုအစီအစဉ်များဖြင့် ကဏ္ဍစုံ၊ ရသစုံတင်ဆက်ကာ ပရိသတ် အမြဲစွဲမက်၍ နားဆင်နိုင်မည့် Channel တစ်ခုဖြစ်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

နေ့စဉ် Program များအဖြစ် စေတီတော်သမိုင်း၊ နံနက်ခင်း မြန်မာသီချင်း၊ နားဆင်ခံစား မြန်မာသံစဉ်များ၊ အမှတ်တရတေး၊ ဓမ္မပဒ၊ မြန်မာပြည်ရဲ့ သီချင်းများ၊ လေလှိုင်းကြားမှ စာအုပ်များ၊ Website လမ်းညွှန်၊ သံစဉ်ခံစား တင်ဆက်သူရဲ့ ရင်တွင်းစကား၊ အမှတ်တရ ကြယ်ပွင့်များ၊ နှလုံးသားစုစည်းမှု၊ စေတနာစကား၊ VCD အညွှန်း၊ သမီးလေးဖတ်ဖို့၊ မင်္ဂလာရှိသော ဆုတောင်းများ၊ ခေါင်းစဉ်တေးများ၊ FM Music Show၊ ပရီမီယာလိဂ် ရင်ခုန်သံ၊ Radio Talk၊ ရန်ကုန်သားနှင့် မန္တလေးသူ၊ ညနေခင်းသတင်း၊ သူတို့သီချင်း သူတို့သတင်း (နိုင်ငံတကာ)၊ တေးချစ်သူထံတေး Album၊ သံစဉ်တူတေးသွားများ၊ ယနေ့သိပ္ပံနှင့်နည်းပညာများ၊ ယနေ့ထမင်းဝိုင်း၊ ရွှေဂန္ဓဝင်တေးများ၊ ရေဒီယိုပြန်ဆိုတေး၊ ဂန္ဓဝင်တေးစီးရီး၊ အိပ်မက်ချိုစသည့် အစီအစဉ်များကို ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိသည်။ ထို့ပြင် ၂၀၀၉ခုနှစ် အောက်တိုဘာ ၁ရက်မှစ၍ နေပြည်တော် မြန်မာ့အသံက ထုတ်လွှင့်သည့် နံနက် ၁၁နာရီ၊ မွန်းလွဲ ၁နာရီနှင့် ညပိုင်း ၈နာရီ သတင်းများ

FM ပရိသတ်တစ်ဦးဖြစ်သည့် ရန်ကုန်မြို့ အထက (သုဝဏ္ဏ)မှ သတ္တမတန်းကျောင်းသူ မနှင်းအေးဝေ။

ကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိသည်။

အကျိုးကျေးဇူး

မန္တလေး FM ရေဒီယိုမှ အုပ်ချုပ်ရေးတာဝန်ခံ ဦးမြင့်ဇော်က "မန္တလေး FM ရေဒီယိုအစီအစဉ်များတွင် အသုံးပြုခဲ့သည့် တေးသီချင်းများအတွက် အနုပညာကြေးကိုလည်း မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ ပေးချေခဲ့ကြောင်း၊ ကြော်ငြာများကိုလည်း အချိန်ကန့်သတ်လက်ခံသွားမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ မန္တလေး FM မှ ထုတ်လွှင့်

မန္တလေး FM သတင်းအချက်အလက် တာဝန်ခံ ဦးမျိုးမြတ်သူ။

သည့် အစီအစဉ်များကို ကြော်ငြာကြောင့် အရသာမပျက်ဘဲခံစားနိုင်ရန် ကြော်ငြာပါဝင်မှု နည်းသည့်အတွက် နားဆင်သူပရိသတ်များ ပိုများလာစေရန်၊ ကြော်ငြာရှင်များ အနေဖြင့်လည်း စီးပွားရေး လုပ်ငန်းရှင်များအတွက် အကောင်းဆုံး စီစဉ်တင်ဆက်ပေးနေကြောင်း၊ အသေးစိတ်သိလိုပါက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၇ လမ်းနှင့် ၇၈ လမ်းကြား အမှတ် (စီ) (၃/၄) ဖုန်း-၀၂-၂၄၄၀၁၊ ၀၂-၂၄၄၀၂၊ ၀၂-၂၄၄၀၃ တို့သို့လည်းကောင်း၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အိုလံပစ်တာဝါအမှတ်-၁၄၀၂ နှင့် ၁၄၀၃၊ ဖုန်း- ၀၁-၂၀၄၀၁၃နှင့် ၀၁-၂၅၆၇၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း" ဖြင့် ပြောကြားသည်။

Program Director ဦးကျော်ဝင်းကလည်း "ပြည်သူများ အပန်းဖြေစေဖို့ ရည်ရွယ်ထားတဲ့အတိုင်း ပြည်သူများနှင့် ကိုက်ညီမှုရှိ၍ ဝမ်းမြောက်လူကြီး လူငယ်မရွေး သောတရှင်ပရိသတ်များအကြားတွင် အထူး ရေပန်းစားလာသည်ကို တွေ့ရသည်။

ကြိုက်ပါတယ်

ရန်ကုန်မြို့ အထက (သုဝဏ္ဏ)မှ သတ္တမတန်း ကျောင်းသူလေး မနှင်းအေးဝေက "အားလပ်ချိန်တွေမှာ မန္တလေး FM အစီအစဉ်ကို သမီး နားထောင်ပါတယ်။ သီချင်းတွေ အားလုံးကြိုက်ပါတယ်။ ရန်ကုန်သားနဲ့မန္တလေးသူ အစီအစဉ်ကိုလည်း နှစ်သက်ပါတယ်။ မန္တလေး FM နားထောင်ချင်လို့ အမေ့ကို ရေဒီယိုတစ်လုံးပူဆာပြီး ဝယ်ခိုင်းထားပါတယ်" ဟူ၍ မန္တလေး FM အပေါ် သူ့အမြင်ကို ပြောပြပါသည်။

မန္တလေး FM အစီအစဉ်များ ထုတ်လွှင့်နေစဉ်။

လူများများသို့ ကြော်ငြာနိုင်သဖြင့် အကျိုးကျေးဇူးများ ပိုမိုရရှိစေရန်၊ ကြော်ငြာကုန်ကျစရိတ်ထက် ပိုမိုသော အကျိုးသက်ရောက်မှုအဖြစ် ဒေသအတွင်းတွင် အမှတ်တံဆိပ်လွှမ်းမိုးခြင်းနှင့် စားသုံးသူများ၏ အာရုံစူးစိုက်မှု ပိုမိုရရှိစေရန်၊ စားသုံးသူ(နားဆင်သူ)များအနေဖြင့်လည်း သုံးစွဲမှုကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ပိုမိုရှင်းလင်းစွာ သိရှိစေရန် ရည်ရွယ်ပါကြောင်း" ဖြင့် ရှင်းပြသည်။

ဖျော်ဖြေရေး

ဆက်လက်၍ "အစီအစဉ်များ ထုတ်လွှင့်ရာတွင် ဖျော်ဖြေရေး ဦးစားပေးပုံစံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကြော်ငြာများကို သီချင်းပုံစံကြော်ငြာနှင့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အကြောင်းရှင်းပြသည့် စကားပြောသက်သက်ကြော်ငြာဟူ၍ အမျိုးအစားခွဲ၍ လက်ခံလျက်ရှိကြောင်း၊ ထုတ်လွှင့်သည့် အစီအစဉ်များကို အရသာမပျက်ခံစားနိုင်စေရန် ထုတ်လွှင့်ချိန်တစ်နာရီတိုင်းတွင် ကြော်ငြာချိန်အများဆုံး ရှစ်မိနစ်သာ လက်ခံကြောင်း၊ တစ်ကြိမ်လျှင် စုစုပေါင်း အချိန်သုံးမိနစ်ထက် မပိုသောကြော်ငြာများကိုသာ လက်ခံထည့်သွင်းကြောင်း၊ သုံးမိနစ်အတွင်း အမျိုးအစားတူကြော်ငြာများ ပူးတွဲလက်မခံကြောင်း၊ နားဆင်သူများနှင့်မိကြောင်း၊ မိသားစု စိတ်ဓာတ်ဖြင့် အားလုံး စိတ်အားထက်သန်စွာ အချိန်ပေး ဆောင်ရွက်ရကျိုးနပ်ကြောင်း၊ ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း၊ နောက်ထပ် FM ရေဒီယိုလိုင်း အစီအစဉ်သစ်များ ပေါ်ပေါက်လာသည်ကို အားရကြိုဆိုမိပါကြောင်း" ဖြင့် ပြောကြားသည်။

နိုင်ငံအတွင်း FM ယဉ်ကျေးမှု ပိုမိုထွန်းကားလာမှုနှင့်အတူ မန္တလေး FM ရေဒီယိုသည်လည်း အားကောင်းမောင်းသန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာခဲ့ချေပြီ။ မန္တလေး မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ၊ ပိတ်ပွဲ ဖျော်ဖြေတင်ဆက်မှုများကို မန္တလေးမြို့နှင့်ဝန်းကျင်ဒေသများကို တိုက်ရိုက်ထုတ်လွှင့်မှုစနစ်ဖြင့်ပင် ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

တာဝန်ယူ

ထို့အတူ မန္တလေးမြို့တည် နန်းတည် နှစ် (၁၅၀)ပြည့်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၉ ခုနှစ် မေ ၁၀ရက်တွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ဂန္ဓဝင်ရေဒီယို အဆိုတော်ကြီးများ၏ ရွှေမန္တလေးည တေးဂီတဖျော်ဖြေပွဲကိုလည်း မန္တလေး FM ရေဒီယိုက တာဝန်ယူဆောင်ရွက်ပေးနိုင်ခဲ့သည်။

သို့ဖြင့် တိုတောင်းသောကာလအတွင်းမှာပင် မန္တလေး FM သည် မှန်ပေသည်။ FM ရေဒီယို ယဉ်ကျေးမှုရေစီးအတွင်းသို့ ကျွန်တော်သည်လည်း အလိုက်သင့် လိုက်ပါစီးမြောရင်း နံနက်ပိုင်းတွင် မန္တလေး FM မှ ထုတ်လွှင့်သည့် နံနက်ခင်း မြန်မာသီချင်းဖြင့် အိပ်ရာထ၍ ညပိုင်းတွင် Sweet Dream / Love Song သံစဉ်တို့ဖြင့် ညအိပ်ရာဝင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။ (သတင်းစဉ်)

မန္တလေး FM မှ ဝန်ထမ်းများ။

● ရှေ့ဖုံးမှ

ပြည်နယ်တစ်ခုဖြစ်သဖြင့် ဆက်စပ်လျက်ရှိသည့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း... တိုးတက်လာစေရန် ရည်ရွယ်၍ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်၌ မွန်ပြည်နယ် သထုံ... ပဲခူးတိုင်း ပဲခူးခရိုင် ဝေါမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် စစ်တောင်းတံတား... ဇူလိုင် ၁၂ရက်က ဖွင့်လှစ်ပေးခဲ့သည်။

တံတားအရှည်

စစ်တောင်းတံတား မုပ္ပလင်သည် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်၍ တံတ... ချဉ်းကပ်တံတားမှာ ကျိုက်ထိုဘက်ကမ်း၌ ၂၄၄ ဒသမ ၁ ပေ၊ ဝေါဘက်ကမ်း၌ ၇၈၃... ကွန်ကရစ် ချဉ်းကပ်တံတားဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၂၃၉၂ ဒသမ ... သွားလမ်းအကျယ် ၂၈ ပေရှိကာ တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်...

တီထွင်ကြံဆ

မွန်ပြည်နယ်အတွင်း အထူးစီမံကိန်းတံတားကြီးများကို တည်ဆောက်ပေးခဲ့ရာ၌ စစ်... သည် ဆဋ္ဌမမြောက် မြစ်ကူးတံတားကြီးတစ်စင်းဖြစ်ပြီး မြန်မာအင်ဂျင်နီယာများ၏ ... တီထွင်ကြံဆကာ ကြိုးပမ်းအားထုတ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်က ပြည်ထောင်စုကြီးအနှံ့ လွယ်ကူချောမွေ့အဆင်ပြေစွာ ကုန်စည်... အတွက် တံတားများ တည်ဆောက်ပေးခဲ့ရာ၌ စစ်တောင်းတံတား(မုပ္ပလင်)သည် ၂... အဖြစ်ပါဝင်ပြီး စစ်တောင်းတံတား(မုပ္ပလင်)ကို အမှီပြုကာ တိုင်းရင်းသားညီအစ်ကိုများအ... အခက်အခဲကြောင့် နီးလျက်နှင့် ဝေးနေရသည့်အဖြစ်မှ ကင်းဝေးလျက် ပေါင်းကူးဆက်... သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုလိုက်ရပါကြောင်း။ ။

ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြ...

ရန်ကုန် ဒီဇင်ဘာ ၃

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်... eral, Nguyen Chi Vinh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်... လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အ... မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr... စစ်သံမှူး Senior Colonel, Nguyen Van Vui နှင့် တာဝန်ရှိသူများက ရန်ကုန်အ... ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁ရက် နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြရာ တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် နေပြည်တော် ပေါင်းလောင်းရိပ်သာ၌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်အား သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ...

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့်ကွင်းများ၌ ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

(က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (ဂ)အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ တပ်မတော်(ရေ)အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့သည် ဂိုးမရှိသရေဖြင့် လည်းကောင်း၊ တပ်မတော်(လေ)အသင်းက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ) အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာဟောပြောပွဲ ဒီဇင်ဘာ ၂၀၀၉ကို ရွှေနဂါးမင်းကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စီးပွားရေးပညာရှင် ဦးမြင့်က "တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အိမ်နီးချင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှု" (Rise of China and its Implications for Neibhbouring Countries)ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၄-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။ နံနက်ခင်းသတင်း
၇း၄၀	၃။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀	၄။ သံသာချိုအေး မင်္ဂလာတေး
၈း၀၅	၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၁၅	၆။ အကပြိုင်ပွဲ
၈း၂၅	၇။ လင်ပန်းရေလျှောင်တမံ
၈း၃၀	၈။ ကြေးမုံရိပ်သွင် တေးနုယဉ်

၈း၄၀
၈း၄၅
၉း၀၀
၄း၀၀
၄း၁၀
၄း၁၅

ဆက်စပ်လျက်ရှိသည့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့နှင့် ယှဉ်တွဲကာ ဖွံ့ဖြိုး
ယ်၍ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်၌ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့်
နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် စစ်တောင်းတံတား(မုပ္ပလင်)ကို ၂၀၀၈ခုနှစ်
စ်ပေးခဲ့သည်။

တံတားအရှည်

မုပ္ပလင်သည် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်၍ တံတားအရှည် ၁၃၆၅ပေရှိကာ
ထိုဘက်ကမ်း၌ ၂၄၄ ဒသမ ၁ ပေ၊ ဝေါဘက်ကမ်း၌ ၇၈၃ ဒသမ ၆ ပေရှိပြီး သံကူ
းဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၂၃၉၂ ဒသမ ၇ ပေရှိပြီး မော်တော်ယာဉ်
ရှိကာ တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။

တီထွင်ကြံဆ

အထူးစီမံကိန်းတံတားကြီးများကို တည်ဆောက်ပေးခဲ့ရာ၌ စစ်တောင်းတံတား (မုပ္ပလင်)
ကူးတံတားကြီးတစ်စင်းဖြစ်ပြီး မြန်မာအင်ဂျင်နီယာများ၏ ကိုယ်ပိုင်အတတ်ပညာဖြင့်
း်အားထုတ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။
ထောင်စုကြီးအနှံ့ လွယ်ကူချောမွေ့အဆင်ပြေစွာ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရေး
ည်ဆောက်ပေးခဲ့ရာ၌ စစ်တောင်းတံတား(မုပ္ပလင်)သည် ၂၃၅ စင်းမြောက် တံတား
တံတား(မုပ္ပလင်)ကို အမှီပြုကာ တိုင်းရင်းသားညီအစ်ကိုများအကြား လမ်းပန်းဆက်သွယ်မှု
က်နှင့် ဝေးနေရသည့်အဖြစ်မှ ကင်းဝေးလျက် ပေါင်းကူးဆက်သွယ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း
တမ်းပြုလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

... အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ... ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၃

...မ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant Gen-... ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃၀ရက် မွန်းလွဲပိုင်းတွင် ...မြို့သို့ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု ...ယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Chong Phung၊ ...l, Nguyen Van Vui နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်အား သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်အား သွားရောက်တွေ့ဆုံသည်။

ညပိုင်းတွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာသွားကြရာ တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Chong Phung၊ စစ်သံမှူး Senior Colonel, Nguyen Van Vui နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကုန်သည်စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာဟောပြောပွဲ ဒီဇင်ဘာ ၂၀၀၉ကို ရွှေနဂါးမင်းကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စီးပွားရေးပညာရှင် ဦးမြင့်က "တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အိမ်နီးချင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှု" (Rise of China and its Implications for Neibhbouring Countries)ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လမ်းတံတားဖြင့်အလှဆင် မော်လမြိုင်ကျွန်းမြို့နယ်ထဲမှ ကနစိုချောင်းကျေးရွာတစ်ခွင် ဖွံ့ဖြိုးစည်ပင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - သိန်းမင်းထက် ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်

"ကျွန်တော်တို့ အိပ်မက်တောင်မမက်ခဲ့တဲ့ လမ်း၊ တံတားတွေကို နိုင်ငံတော်က ဖောက်လုပ်ဆက်သွယ်ပေးလို့ ဘယ်လိုဝမ်းသာမှန်းတောင် ပြောမပြတတ်တော့ပါဘူး။"
ဦးမြင့်ဦး(ဥက္ကဋ္ဌ)
မြစ်ကြီးဘိုးကျေးရွာအုပ်စု၊
အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

နေပြည်တော် ဒီဇင်ဘာ ၃

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်းသည် ဒေသတစ်ခု၏ ထွက်ကုန်ပစ္စည်းများကို အခြားဒေသတစ်ခု၏ ထွက်ကုန်ပစ္စည်းများနှင့် အပြန်အလှန်ဖလှယ်ရောင်းဝယ်နိုင်ကြသဖြင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာကာ ဒေသဖွံ့ဖြိုးတိုးတက်လာသည့်အပြင် ဒေသနေပြည်သူများ၏ လူမှု စီးပွားရေးဘဝသည်လည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိပေသည်။

ဆက်သွယ်ဖောက်လုပ်

နိုင်ငံတော်အစိုးရသည် ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးကို ရှေးရှုလျက် လမ်းတံတားများ ဆက်သွယ်ဖောက်လုပ်ပေးနေခြင်းဖြစ်ပေသည်။

ထို့ကြောင့်လည်း စာရေးသူတို့ သတင်းအဖွဲ့သည် ပင်လယ်ပိုင်းဒေသနှင့် ထိကပ်နေသော ကနစိုချောင်းကျေးရွာတစ်ခွင် လမ်း၊ တံတား တည်ဆောက်မှု မြင်ကွင်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ကွင်းဆင်းကြည့်ရှုလေ့လာပြီး ပြည်သူများထံ ပြန်လည် တင်ပြနိုင်ရန်အတွက် အေးကမ္ဘာ ပဲ့ထောင်ရေယာဉ်ဖြင့် သွားရောက်ခဲ့သည်။

ကနစိုချောင်းကျေးရွာဒေသသည် မြစ်ကြီးဘိုးကျေးရွာအုပ်စုတွင် ပါဝင်သည်။ ယခင်က လပွတ္တာမြို့နယ်ထဲတွင်ပါဝင်ပြီး သဘာဝဘေးကျရောက်ပြီးသည့်နောက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့နယ်ထဲတွင် ပါဝင်လာခဲ့သည်။

မွန်းတည့် ၁၂နာရီတွင် ကျွန်းပြာသာဒ် မြစ်ပြင်ကျယ်မှ ကနစိုချောင်းကျေးရွာကို လှမ်းတွေ့လိုက်ရသည်။

ခရီးရောက်မဆိုက်ပင် မြစ်ကြီးဘိုးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ဦးက "ကျွန်တော်တို့ အိပ်မက်တောင် မမက်ဖူးခဲ့တဲ့ လမ်းတံတားတွေကို နိုင်ငံတော်က ဖောက်လုပ် ဆက်သွယ်ပေးလို့ ဘယ်လိုဝမ်းသာမှန်းတောင် ပြောမပြတတ်တော့ပါဘူး။ အခုဆိုရင် ကနစိုချောင်းကူးတံတားကြီး ဆောက်လုပ်ပေးလို့ ဖျာလိပ်၊ ကနစိုချောင်း၊ ကဇောင်းမဂူချောင်း၊ ဖောင်ခွဲ၊ ကဇောင်းဖျားနဲ့ အနန်းကျေးရွာတွေရဲ့ ဆက်သွယ်ရေး အဆင်ပြေသွားပါပြီ။ ဒါ့အပြင် ဖျာလိပ်နဲ့ ကနစိုချောင်းဆက်သွယ်တဲ့ တာလမ်းမကြီးနဲ့ ကနစိုချောင်းကျေးရွာမှ ဖောင်ခွဲကျေးရွာကို ဆက်သွယ်တဲ့ တာလမ်းမကြီးလည်း ဖောက်လုပ်ပြီးစီးနေပြီမို့ တစ်ရွာနဲ့တစ်ရွာ အချိန်တိုတိုနဲ့ ဆက်သွယ် သွားလာနိုင်ကြပါပြီ။ လမ်းပန်းဆက်သွယ်ရေး ကောင်းလာတာနဲ့အမျှ ဒေသခံ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝပါ တိုးတက်ဖွံ့ဖြိုးလာပါပြီ"ဟု အားပါးတရ ရှင်းလင်း ပြောပြသည်။

"ကနစိုချောင်းတံတားကြီး ပြီးစီးနေလို့ ကျောင်းသား ကျောင်းသူတွေ တံတားကြီးပေါ်က စိတ်ချမ်းမြေ့စွာ ကျောင်းတက်နိုင်ကြပါပြီ။"
ဦးကြင်ဆွေ
မူလတန်းကျောင်းအုပ်၊ ကနစိုချောင်းကျေးရွာ။

ရွှေဝါရောင်

လမ်းခရီးတစ်လျှောက် ရွှေဝါရောင်ဝင်းမှည့်စပြုနေသော တစ်မျှော်တစ်ခေါ် မိုးစပါးခင်းများက လေယူရာ ယိမ်းနွဲ့ကခုန် ပျော်မြူးနေကြသည်။ စပါးပင်များကလည်း ရှင်သန်ကြီးထွားလှသည်။ ယခုနှစ် စပါးအထွက်တိုးမည်ဖြစ်သည်။

အေးကမ္ဘာရေယာဉ်သည် စွယ်စုံ-လေး၀-စိန်ပန်းမှသည် ဖျာလိပ်ကျေးရွာများကို ကျော်လွှားပြီး ကနစိုချောင်းကျေးရွာသို့ ရှေးရှုခရီးနှင်နေသည်။

ပညာသင်ကြား

သတင်းအဖွဲ့မှာ ကနစိုချောင်း တံတားကြီးအနီးရှိ မူလတန်းကျောင်းသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ရာ အဝေးကပင် စာဖတ်သံ၊ စာအံသံများကို ကြားနေရသည်။ ကျောင်းတွင် မူလတန်း ကျောင်းသား ကျောင်းသူ ၂၅၁ဦးနှင့် တွဲဖက်အလယ်တန်း ကျောင်းသား ကျောင်းသူ ၁၁၈ဦး ပညာသင်ကြားလျက်ရှိနေကြသည်။

"ကျွန်တော်တို့ ကျေးရွာကိုးရွာရဲ့ ရပ်မိရပ်ဖများကတော့ တွဲဖက်အလယ်တန်းကျောင်းကို အလယ်တန်းကျောင်း(ခွဲ) ဖြစ်စေချင်တဲ့ဆန္ဒ ရှိပါတယ်။ ကလေးတွေကလည်း စာကြိုးစားကြပါတယ်"ဟု သတင်းစကား လက်ဆောင်ပါးရင်း ရှင်းလင်းပြောပြကြသည်။

မိုးစပါး

ကနစိုချောင်းသည် မိုးစပါး အောင်မြေဖြစ်သည်။ ဩဂုတ် ၁၉ရက်တွင် အုပ်စုလုံးကျွတ် မိုးစပါး ၃၄၉၄ ဧကကို အပြည့်အဝစိုက်ပျိုးကာ ထွန်တုံးပိတ်နိုင်ခဲ့သည်။ ယခင်နှစ်သဘာဝဘေးကျရောက်စဉ်ကပင် ကနစိုချောင်းသားတို့၏ ဇွဲနှင့်အားမာန်ထက်သန်မှုကြောင့် မိုးစပါးဧက လျော့နည်းခြင်းမရှိဘဲ အပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။

ကနစိုချောင်းတွင် အရေးကြီးဆုံးမှာ သောက်သုံးရေဖြစ်သည်။ ထို့ကြောင့်လည်း ကျေးရွာတိုင်းတွင် သောက်သုံးရေကန်များ တူးဖော်ထားသည်ကို တွေ့မြင်ခဲ့ရသည်။ ယင်းတို့မှာ ကနစိုချောင်းတွင် တစ်ကန်၊ ဖိုးပန်လှတွင် နှစ်ကန်၊ ဝွေးချောင်းတွင် နှစ်ကန်၊ မြစ်ကြီးဘိုးတွင် တစ်ကန်၊ မဂူချောင်းတွင် တစ်ကန်၊ ကဇောင်းဝတွင် တစ်ကန်၊ ဖောင်ခွဲတွင် တစ်ကန်၊ ကဇောင်းဖျားတွင် တစ်ကန်နှင့် အနန်းတွင် သုံးကန် ရှိသည်။

အတော်စည်ကား

ကနစိုချောင်းကျေးရွာတွင် လူနေအိမ်ခြေ ၂၆၁အိမ်၊ လူဦးရေ ၁၁၇၀ နေထိုင်ကြသည်။ သတင်းအဖွဲ့မှာ တာလမ်းမကြီးမှသည် ကနစိုချောင်းကျေးရွာလမ်းအတိုင်း လျှောက်လှမ်းကြည့်ရှုမိရာ နေအိမ်တိုင်းတွင် တစ်နိုင်တစ်ပိုင် ဝက်၊ ဘဲနှင့် ကြက်များကိုလည်း မွေးမြူထားကြသည်။ အိမ်ကြီးအိမ်ကောင်းများ၊ တိုက်ခံအိမ်များဖြင့် အတော်စည်ကားသော ရွာကြီးတစ်ရွာဖြစ်သည်။ ထို့ပြင် ဆက်သွယ်ရေးအနေဖြင့် CDMA တယ်လီဖုန်းများလည်း ရှိနေပြီဖြစ်ရာ မြန်မာပြည်အရပ်ရပ်သို့ ဆက်သွယ် စကားပြောနိုင်ကြပြီဖြစ်သည်။ အိမ်ခြေ ၁၀၀ကျော်ကို ညစဉ် ၆ နာရီမှ ၁၀ နာရီအထိ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးပေးလျက်ရှိနေရာ လျှပ်စစ်မီးရောင်ဖြင့် ထိန်ထိန်တောက်လျက်ရှိနေပြီဖြစ်သည်။

ထို့ပြင် ကျေးရွာချင်းဆက်သွယ်သော မြေသားတာလမ်းမများလည်း ရှိနေသည်။ ကနစိုချောင်းကို ဗဟိုပြု၍ လမ်းကွန်ရက်များအဖြစ် ခွဲဖြာဆက်သွယ်ထားပေသည်။ ယင်းတို့မှာ ကနစိုချောင်းမှသည် ဖိုးပန်းလှကျေးရွာ၊ အနန်းကျေးရွာ၊ ဖောင်ခွဲကျေးရွာနှင့် ဖျာလိပ်ကျေးရွာတို့အထိ ဖြစ်သည်။

တန်ဆောင်မုန်းမှာ ရွှေမိုးရွာ

ကနစိုချောင်းသည် ကျွန်းပြာသာဒ်၌ မြစ်ပြင်ကျယ်ပေါ်တွင် မေးတင်နေသဖြင့် ရေလုပ်ငန်းရှိသည်။ ငါး၊ ပုစွန်ထွက်ရှိသည်။ သတင်းအဖွဲ့လည်း ညနေပိုင်းတွင် ဦးအောင်နိုင် ငါး၊ ပုစွန်အဝယ်ဒိုင်နှင့် မသီဂီ ငါး၊ ပုစွန်အဝယ်ဒိုင်သို့သွားရောက်ပြီး ငါး၊ ပုစွန် ဈေးကွက်ကို စေ့ငုမေးမြန်းကြည့်ရာ "တန်ဆောင်မုန်းလကစပြီး ငါးသလောက်၊ ငါးပုတ်သင်နဲ့ ရေချိုပုစွန် လှိုင်လှိုင်ထွက်ရှိပါတော့မယ်။ ငါးပုတ်သင်ဆိုရင် စီပေါင်းကို ရန်ကုန်အထိ တင်ပို့ရောင်းချရမှာဖြစ်ပါတယ်။ အဲဒီ ရာသီချိန်ကျပြီဆိုရင်တော့ ရေလုပ်သားတွေက တန်ဆောင်မုန်းမှာ ရွှေမိုးရွာလို့တောင် ပြောစမှတ်ပြုကြပါတယ်။ အခုဆိုရင် ရေလုပ်ငန်းက ဝင်ငွေတိုးတက်ကောင်းမွန်နေပါတယ်"ဟု ရှင်းလင်းပြောပြကြသည်။

သို့ဖြစ်ပေရာ ကနစိုချောင်းဒေသတစ်ခွင် လမ်းတံတားဖြင့် အလှဆင်လိုက်သောအခါ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ အရှိန်အဟုန်ဖြင့် တိုးတက်လာပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဘဝသည်လည်း တစ်မူထူးခြားစွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလျက်ရှိနေပြီ ဖြစ်ပါကြောင်း သတင်းခရီးသည်အဖြစ် ကွင်းဆင်းလေ့လာရေးသားတင်ပြလိုက်ရပါသည်။ ။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးအကျိုးပြု ကနစိုချောင်းကူးတံတားကို ဤသို့ တည်ဆောက်ထားသည်။
ဓာတ်ပုံ-သိန်းမင်းထက်

...ကျား

- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အင်္ဂါဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇း၅၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၅ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈း၁၅ ၆။ အကပြိုင်ပွဲ
- ၈း၂၅ ၇။ လင်ပန်းရေလှောင်တမံ
- ၈း၃၀ ၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ **ကျော်သွားမှာလား၊ ဖော်စားမှာလား**
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားတေးသံသာ
- ၄း၁၅ ၃။ အတီးပြိုင်ပွဲ
- ၄း၂၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အိမ်တွင်းစီးပွား) (ပြည်သူ့ရေးရာအထူးပြု) (စီးပွားရေးပညာ)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၀ ၈။ **တက္ကစီမီတာသင်လိုရာ**
- ၅း၂၀ ၉။ နှောင်းခေတ် တေးပဒေသာ
- ၅း၃၀ ၁၀။ **ပဋ္ဌလက်ကျောင်းတော်**
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ချင်းပြည်နယ်သို့ ခရီးတစ်ခေါက်
- ၆း၃၀ ၁၄။ ဂီတသံစဉ် အလှဆင်
- ၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၁၈)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၈၀)
- ၂၀။ **သီချင်းချစ်သူ**(ခင်မောင်ထူး)
- ၂၁။ အစီအစဉ်ပြီး၏။

ကမ္ဘာကြီးသာယာစိုပြည်စေရေး မသန်စွမ်းသူများကို ပိုမိုဆောင်ရွက်ခွင့်ပေး

ကိုကွေး (ဘူမိဗေဒ)

လူ့ဘဝဖြစ်စဉ်တွင် သန္ဓေသားဘဝ၌ ကိုယ်ဝန်ဆောင်မိခင်၏ ကျန်းမာရေးကြောင့်လည်းကောင်း၊ မတော်တဆဖြစ်မှုကြောင့်လည်းကောင်း၊ ဇီဝဖြစ်စဉ် ယိုယွင်းမှုကြောင့်လည်းကောင်း မွေးစမှ အရွယ်ကြီးရင့်လာသည့် ကာလအတွင်း အကြောင်းတစ်ခုခုကြောင့် မသန်စွမ်းမှုဖြစ်ရသူများရှိပါသည်။ မည်သို့ပင်ဖြစ်စေ မသန်စွမ်းသူတစ်ဦး ဘဝတွင် မိမိနေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်ရန် အခြားသူများထက် ပိုမိုဂရုစိုက်ရခြင်း၊ တစ်ပါးသူ၏ အကူအညီရယူခြင်းများ ဖြစ်လာပါသည်။

မသန်စွမ်းမှုကို ဖြစ်လာသည့်အတိုင်း လက်လျှော့ အရှုံးပေးရန် မလိုပါ။ တွေ့ကြုံရင်ဆိုင်ရသော အခက်အခဲများကို လက်မလျှော့ဘဲ အန်တုရင်ဆိုင်ရင်ကြိုးစား အသက်ရှင်ကြရမည်သာဖြစ်ပါသည်။ မျက်မှောက်ခေတ်တွင် မသန်စွမ်းသူများသည် သနားကရုဏာသက်စရာ လူသားများ မဟုတ်တော့ဘဲ ကမ္ဘာကြီးသာယာလှပစေရေးအတွက် အခြားကမ္ဘာ့သူ၊ ကမ္ဘာ့သားများနည်းတူ ကြိုးပမ်းဆောင်ရွက်နေသူများ ဖြစ်ကြပါပြီ။ ထိုသို့ ဆောင်ရွက်နိုင်ရန်လည်း နေရာပေး ဆောင်ရွက်ခွင့်ပေးရမည်ဖြစ်ပါသည်။ ယနေ့ တိုးတက်ပြောင်းလဲနေသော IT ခေတ်ကြီးတွင် မသန်စွမ်းသူများအနေဖြင့် အတားအဆီးတော်တော်များများကို ကျော်လွှားနိုင်ကြပြီဖြစ်ပါသည်။

ထို့ကြောင့် ထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်စေရေး၊ မသန်စွမ်းသူများအတွက် အခွင့်အလမ်းများပေါ်ပေါက်နိုင်ရေးနှင့် အတားအဆီးများ ဖယ်ရှားရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂက မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းကို ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ သို့ဖြစ်၍ မသန်စွမ်းသူများသည် မှီခိုနေရသူများမဟုတ်တော့ဘဲ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရေးနှင့် ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူများ ဖြစ်ကြပေပြီ။

မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက သဘောတူခဲ့ပါသည်။ အဆိုပါသဘောတူစာချုပ်ကို ကမ္ဘာ့နိုင်ငံများက လက်မှတ်ရေးထိုးနိုင်ရန် ကုလသမဂ္ဂရုံး၌ ၂၀၀၇ခုနှစ် မတ်လ ၃၀ရက်နေ့တွင် စတင်ဖွင့်လှစ်ထားရှိခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် ကွန်ဖရင့်ကို ၂၀၀၈ခုနှစ် အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၃ရက်နေ့အထိ ကျင်းပခဲ့သည်။ ဒုတိယအကြိမ် ကွန်ဖရင့်ကို၂၀၀၉ခုနှစ် စက်တင်ဘာ၂ရက်မှ ၄ရက်နေ့အထိ ကျင်းပခဲ့သည်။ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၃ရက်နေ့မှ ၂၇ရက်နေ့အထိ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

၎င်းကွန်ဗင်းရှင်းသည် မသန်စွမ်းသူများနှင့် ပတ်သက်၍ ကြေညာချက်များဖြစ်သည့် ၁၉၉၄ခုနှစ်တွင် ထုတ်ပြန်သည့် မသန်စွမ်းသူများအတွက် အခွင့်အရေး ညီမျှစေခြင်းဆိုင်ရာ စံပြုအပ်သော စည်းမျဉ်းများနှင့် ၁၉၈၂ခုနှစ်က ထုတ်ပြန်ထားသည့် မသန်စွမ်းသူများအတွက် ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစီမံချက်များကို အခြေခံဖော်ထုတ်ထားခြင်းဖြစ်သည်။

ယနေ့ ကမ္ဘာ့လူဦးရေ၏ ၁၀ရာခိုင်နှုန်းဖြစ်သော သန်းပေါင်း ၆၅၀ခန့်သည် မသန်စွမ်းမှုတစ်ခု သို့မဟုတ် ထိုထက်ပို၍ ရှိနေသူများ ဖြစ်နေပါသည်။ အဆိုပါ မသန်စွမ်းသူများအနက် ၈၀ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြသည်။ ယခင်ထုတ်ပြန်ခဲ့သော မသန်စွမ်းသူများအတွက် စံပြုစီမံချက်များရှိသော်လည်း ကမ္ဘာ့နိုင်ငံများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျယ်ပြန့်မှုမရှိခြင်းကြောင့် ဤကွန်ဗင်းရှင်းကို ထုတ်ပြန်ရခြင်းဖြစ်ကြောင်း သိရပါသည်။ ဤကွန်ဗင်းရှင်းသည် မိမိတို့နိုင်ငံများအလိုက် မသန်စွမ်းသူများဆိုင်ရာ ဥပဒေများပြဋ္ဌာန်းပေး၍ မသန်စွမ်းသူများအရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် ထုတ်ပြန်ခြင်းသာဖြစ်ပါသည်။

ဤကွန်ဗင်းရှင်းတွင် မသန်စွမ်းသူအားလုံး၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် မူဝါဒဆိုင်ရာ သဘောထားတစ်ခုလည်းဖြစ်ပါသည်။ ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် Legal binding စာချုပ်တစ်ခုလည်း ဖြစ်ပါသည်။ ကွန်ဗင်းရှင်းသည် မသန်စွမ်းသူများအပေါ် အမြင်သဘောထားနှင့် ချဉ်းကပ်မှုအသစ်များအဖြစ် သတ်မှတ်နိုင်ပါသည်။

မသန်စွမ်းသူများသည် ယခင်ကကဲ့သို့ မှီခိုသူများမဟုတ်ကြတော့ဘဲ တိုးတက်ပြောင်းလဲနေသော IT ခေတ်ကြီးတွင် ပါဝင်ဆောင်ရွက်မှု အခွင့်အရေးများ ပိုမိုရရှိကြပြီဖြစ်။ တွေ့ကြုံရနိုင်သည့် အတားအဆီးများကို ဖယ်ရှားပေးနိုင်ပါက ၎င်းတို့ထံမှ ရရှိလာမည့် ကာယစွမ်းရည်၊ ဉာဏစွမ်းရည်များသည် ကမ္ဘာသူ၊ ကမ္ဘာသားများအတွက် အင်အားတစ်ရပ် ဖြစ်လာမည်မှာ မလွဲပေ။

မသန်စွမ်းသူ တစ်ဦးတစ်ယောက်သည်လည်း လူသားတစ်ဦးဖြစ်သည့်အားလျော်စွာ တစ်ဦးချင်း၏ မွေးရာပါဂုဏ် သိက္ခာနှင့် လွတ်လပ်ခွင့်ကို လေးစားရမည် ဖြစ်ပါသည်။ တစ်ဦးချင်း အမှီအခိုကင်းမှုနှင့် လွတ်လပ်စွာရွေးချယ်မှုလည်း ရှိရမည်ဖြစ်ပါသည်။ ခွဲခြားဆက်ဆံမှုများမပြုလုပ်ရန်လည်း လိုအပ်ပါသည်။ ထို့အပြင် လူ့အသိုင်းအဝိုင်းအတွင်း အပြည့်အဝနှင့် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ မသန်စွမ်းမှုများ၏ ကွဲပြားခြားနားမှုကို လေးစားခြင်း၊ လူမျိုး၊ အသားအရောင်မခွဲခြားဘဲ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအဖြစ် လက်ခံခြင်း၊ တန်းတူအခွင့်အရေးရရှိစေခြင်း၊ မသန်စွမ်းသူ ကလေးသူငယ်များ၏ လုပ်ဆောင်နိုင်မှုစွမ်းရည်များကို လေးစားပြီး သာမန်လူများရရှိသော အခွင့်အရေးများ အပြန်အလှန်ရရှိစေရေး ဆောင်ရွက်စေခြင်းများ ရှိရပါမည်။

၁၉၈၉ ခုနှစ်က အတည်ပြုပြဋ္ဌာန်းသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် "ကိုယ်လက်အင်္ဂါချို့တဲ့နေသည့် ကလေးသူငယ်များအား အထူးကြည့်ရှုစောင့်ရှောက်မှု၊ ပညာသင်ကြားပေးမှုနှင့် သူတို့အားကိုယ့်အားကိုယ်ကိုးစိတ်ဓာတ် အများဆုံး ပြည့်ဝဖွံ့ဖြိုးစေရန် လေ့ကျင့်ခန်းများ စီစဉ်တီထွင်ပေးရန်နှင့် လူ့အသင်းဝင်များတွင် ပြည့်ဝ၍ လုံ့လဝီရိယရှိသော ဘဝဖန်တီးပေးနိုင်ရန် အခွင့်အရေးရရှိစေရန်ဟု ဖော်ပြထားပါသည်။ ထို့အပြင် မသန်စွမ်းသူများ၏ သီးသန့်လိုအပ်ချက်များနှင့်အညီ ၎င်းတို့အား ကူညီပံ့ပိုးမှုများပေးနိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိရပါမည်။ မသန်စွမ်းသူများကိုယ်တိုင် လူ့အသိုင်းအဝိုင်းအတွင်း ပြည့်ဝထိရောက်စွာ ပါဝင်ဆောင်ရွက်မှုကို ကွန်ဗင်းရှင်းတွင် ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ရရှိခံစားနိုင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ မသန်စွမ်းမှုကိစ္စရပ်များကို သာမန်ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်စေရေးနှင့် မသန်စွမ်းသူများနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဆောင်ရွက်မှုများကိုလည်း မသန်စွမ်းသူများ တိုက်ရိုက် ပိုမိုခံစားစေရန်အတွက် ဆောင်ရွက်ပေးရပေမည်။ ထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်မှသာလျှင် အပြည့်အဝအောင်မြင်မည် ဖြစ်ပါသည်။

မသန်စွမ်းသူများအတွက် အစီအစဉ်များ ရေးဆွဲရာတွင် တန်ဖိုးနည်း အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အဆိုးရွားဆုံး အခြေအနေတွင် ရှိနေသူများအတွက် ဦးတည်ဆောင်ရွက်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ထုတ်ခြင်း၊ အစီအစဉ်အဆင့်ဆင့်တွင် မသန်စွမ်းသူများကို ပါဝင်ဆောင်ရွက်ခွင့်ပေးရမည်ဖြစ်ပါသည်။ မသန်စွမ်းသူများအတွက် တန်းတူရည်တူ ဖြစ်ရေးကို ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပေ။ ရည်မှန်းချက် အောင်မြင်ရေးအတွက် အဖွဲ့အစည်းပေါင်းစုံ စုစည်းထားသည့် ကွန်ရက်စနစ်ဖြင့် ဖြန့်ကြက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ဥပမာအားဖြင့် ဘီးတပ်ကုလားထိုင်သုံး မသန်စွမ်းသူတစ်ယောက် လုပ်ငန်းခွင်အတွင်း အဆင်ပြေစေရန်အတွက် ၎င်း၏ အိမ်အဝင်အထွက် အဆင်ပြေသွားလာနိုင်ရေး၊ အများသွားလာနိုင်သည့်နေရာများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း အတားအဆီးကင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ၊ အဆောက်အအုံနှင့် အတွင်းစနစ်များတွင်လည်း အတားအဆီးကင်းရေး ပါဝင်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ အထက်တွင် ဖော်ပြထားသည့် အကြောင်းအရာများမှာ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းမှ အကြောင်းအရာအချို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး ပူးပေါင်းဆောင်ရွက်နေသော The Leprosy Mission International(TLMI) အဖွဲ့နှင့် ပူးပေါင်း၍ ၂၀၀၈ခုနှစ် တွင် ပြည်နယ်/တိုင်း ခုနစ်ခုရှိ မြို့နယ် ၁၂၀၌ မသန်စွမ်းသူများဆိုင်ရာ စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ရာ လက်ရှိလူဦးရေ၏ ၂ဒသမ၃၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရ၍ မြန်မာနိုင်ငံတွင် မသန်စွမ်းသူဦးရေသည် ၁၀သိန်းကျော်ခန့် ရှိမည်ဟု ခန့်မှန်းထားပါသည်။

လူမှုရေးအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအနေဖြင့် မသန်စွမ်းမှုနှင့် မသန်စွမ်းမှု ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။ မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံမှု လျော့ပါးစေရန်လည်းကောင်း၊ ရပ်ရွာအတွင်း မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်မှု တိုးမြှင့်လာစေရန်လည်းကောင်း၊ မသန်စွမ်းသူများအတွက် စောင့်ရှောက်ပေးမှုနှင့် ထောက်ပံ့ပေးမှု ဝန်ထုပ်ဝန်ပိုးအားလျှော့ချနိုင်ရန်လည်းကောင်း နည်းလမ်းကောင်းများကို ဖော်ထုတ်ပေးခြင်းဖြင့် အားပေးကူညီကြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လုပ်ကိုင်နိုင်စွမ်းရှိသည့် မသန်စွမ်းဝန်ထမ်းများ၏လုပ်အားကို ရယူရန်၊ ဆွဲဆောင်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများတွင် တာဝန်ပေးရန်၊ မသန်စွမ်းသူများ၏ ကုန်ထုတ်စွမ်းအားဖြင့် လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ကူညီဆောင်ရွက်ရန်နှင့် မသန်စွမ်းသူများအား အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်းစသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးတွင် ပါဝင် ကူညီနိုင်ပါသည်။

မြန်မာနိုင်ငံသည် ဘာသာတရားနှင့် ယဉ်ကျေးမှုထွန်းကားသည့် နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ အားနည်းသူများကို ဖေးကူသည့် အစဉ်အလာမှာ ရှေးယခင်ကတည်းက ရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့အခြားနေရာများရှိ မသန်စွမ်းသူများကဲ့သို့ ဆိုးရွားသည့် အခြေအနေများ မဖြစ်ပေါ်ခဲ့ပေ။ သို့ရာတွင် လူအများစုက မသန်စွမ်းသူတစ်ဦးကိုတွေ့လျှင် သနားကရုဏာသက်မိရုံ၊ ပေးကမ်းထောက်ပံ့ရုံသာ ရှိခဲ့ကြပါသည်။ အဆိုပါ မသန်စွမ်းသူတစ်ဦးကို လူ့အသိုင်းအဝိုင်းအတွင်း ဂုဏ်သိက္ခာရှိရှိ ဝင်ဆံ့ခွင့်ကိုမူ သတိမမူမိကြပေ။ မသန်စွမ်းသူများတွင် ထူးခြားသည့်စွမ်းရည်များ၊ အခြားသူများတွင် မရှိသည့် ထိုးထွင်းဉာဏ်များ၊ တီထွင်မှုများ၊ အာရုံစူးစိုက်မှုများ ရှိနေကြပါသည်။ ထိုစွမ်းရည်များပေါ် မူတည်၍ ၎င်းတို့ကို ပါဝင်ဆောင်ရွက်ခွင့်ပေးရန် လိုအပ်ပါသည်။

၎င်းတို့ကိုယ်ပိုင် စွမ်းရည်များကို ဖော်ထုတ်နိုင်ရေး၊ မသန်စွမ်းသူများ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရေး၊ ဂုဏ်သိက္ခာရှိသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကို ဆောင်ရွက်ပေးမှသာလျှင် ၎င်းတို့အတွက် ထိရောက်သည့် စောင့်ရှောက်မှု ဖြစ်လာနိုင်ပါမည်။ ၎င်းတို့သည် ယခုအခါ စောင့်ရှောက်ခံ လူသားများမဟုတ်တော့ဘဲ ကမ္ဘာ့သာယာစိုပြည်ရေးနှင့် တိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ ဖြစ်ကြပါသည်။

၂၀၀၈ခုနှစ် မေလ၂၉ရက်နေ့က အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂(က)တွင် "နိုင်ငံတော်သည် မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည်"ဟု အတိအလင်း ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မကြာမီတွင် မသန်စွမ်းသူများဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်မည်ဖြစ်ပါသည်။ သို့မှသာ မသန်စွမ်းသူများသည်လည်း ၎င်းတို့ဘဝ တိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ထမ်းရွက်နိုင်ကြမည် ဖြစ်ပါသည်။ အဖွဲ့အစည်းအသီးသီးနှင့် ဌာနဆိုင်ရာများအနေဖြင့် မသန်စွမ်းသူများကို ကရုဏာသက်စရာလူတစ်ဦးအဖြစ် မမြင်တော့ဘဲ ၎င်းတို့သည် ချို့ယွင်းအားနည်းမှု အနည်းငယ်ရှိသော်လည်း အခြားဘက်တွင် ထူးခြားသည့် စွမ်းရည်ရှိကြသူများဖြစ်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်သူများအဖြစ် မြင်ကြရမည် ဖြစ်ပါသည်။

စင်စစ် မသန်စွမ်းသူများသည် ယခင်ကကဲ့သို့ မှီခိုသူများ မဟုတ်ကြတော့ဘဲ တိုးတက်ပြောင်းလဲနေသော IT ခေတ်ကြီးတွင် ပါဝင်ဆောင်ရွက်မှု အခွင့်အရေးများ ပိုမိုရရှိကြပြီဖြစ်ပါသည်။ ၎င်းတို့တွင် တွေ့ကြုံရနိုင်သည့် အတားအဆီးများကို ဖယ်ရှားပေးနိုင်ပါက ၎င်းတို့ထံမှ ရရှိလာမည့် ကာယစွမ်းရည်၊ ဉာဏစွမ်းရည်များသည် ကမ္ဘာ့သူ၊ ကမ္ဘာ့သားများအတွက် အင်အားတစ်ရပ် ဖြစ်လာမည်မှာ မလွဲပေ။ ထို့ကြောင့် မြေကမ္ဘာထောင်စုနှစ် ရည်မှန်းချက်များ၊ နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ အောင်မြင်ရေးအတွက် မသန်စွမ်းသူများနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းကို ပိုမိုဆောင်ရွက်ခွင့်ပေးခြင်းဖြင့် စိုပြည်သာယာသော မြေကမ္ဘာကြီးဖြစ်အောင် တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

တံတားတည်ဆောက်

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဟဲဟိုးမြို့ နိဗ္ဗာန်လမ်း တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းပင်များ ပျိုးထောင်နေမှုနှင့် ပန်းခြံတို့ကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှုစစ်ဆေးရာ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။

(သတင်းစဉ်)

မန်ယူနှင့်စပါးတို့ ရလဒ်ကောင်းနိုင်ပြီး ချယ်လ်ဆီးတို့ ရင်မောရမယ့် ပရီမီယာလိဂ်ပွဲစဉ် (၁၅)

☆ မောင်မောင်မြင့်ဆွေ သုံးသပ်ရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ☆

လန်ဒန် ဒီဇင်ဘာ ၃

ပရီမီယာလိဂ်ပွဲစဉ် (၁၅)ကို ဒီဇင်ဘာ ၅ ရက်နဲ့ ၆ ရက်တွေမှာ ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ တန်းစီဇယားထိပ်ဆုံးက ချယ်လ်ဆီးဟာ မန်စီးတီးနဲ့ ဆုံတွေ့ရမှာမို့ ပွဲသိပ်မချောင်သလို လီဗာပူးကလည်း ဘလက်ဘန်းနဲ့ ယှဉ်ပြိုင်ရမှာဆိုတော့ အားထည့်ရမယ့်ပွဲ ဖြစ်နေပါတယ်။ မန်ယူကတော့ ဝက်စ်ဟမ်းကို အဝေးကွင်းမှာ ကစားရမှာဖြစ်ပြီး အာဆင်နယ်တို့ကတော့ စတုတ်ကို အိမ်ကွင်းမှာ ဧည့်ခံရမှာ ဖြစ်ပါတယ်။

ဝက်စ်ဟမ်းနှင့် မန်ယူ

တန်းစီဇယားကို ပြန်လည်စိုးမိုးနိုင်ဖို့ အမှတ်လိုနေတဲ့ မန်ယူဟာ အဝေးကွင်းဆိုပေမယ့် ဝက်စ်ဟမ်းကို အနိုင်ကစားမှာ သေချာပါတယ်။ ဝက်စ်ဟမ်းမှာ အားထားရတဲ့ တိုက်စစ်မှူး ကိုးလ်လည်း ဒူးဒဏ်ရာကြောင့် ဒီပွဲမှာပါဝင်ဖို့ မသေချာပါဘူး။ နိုင်ပွဲတွေဆက်နေတဲ့ မန်ယူဟာ ရွန်နေနဲ့ ဂစ်တို့ရဲ့အားနဲ့ ဝက်စ်ဟမ်းထံက သုံးမှတ်အပြည့်ယူပြီး အိမ်ပြန်ပါလိမ့်မယ်။ ဝက်စ်ဟမ်းဟာ ဒီနှစ်အဝေးကွင်း၊ အိမ်ကွင်း ခြေစွမ်းမပြနိုင်တာကြောင့် ဒီပွဲမှာ တစ်မှတ်ရဖို့ကိုပဲ မျှော်လင့်ချက်ထားနိုင်မယ်လို့ ထင်ပါတယ်။

မန်စီးတီးနှင့် ချယ်လ်ဆီး

ကာလင်းဖလားပွဲမှာ အာဆင်နယ်ကို ဂိုးပြတ်သွင်းပြီး အနိုင်ယူထားတဲ့ မန်စီးတီးတို့ စိတ်ဓာတ်တက်ကြွနေပါတယ်။ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေကို အခက်တွေ့အောင် ကစားတတ်တဲ့ မန်စီးတီးရဲ့ အိမ်ကွင်းမှာ ချယ်လ်ဆီးတို့ အမာခံကစားသမားအကုန်ထုတ်သုံးမှ ရလဒ်ကောင်းနိုင်မှာပါ။ မန်စီးတီးမှာ ဘယ်လာမီနဲ့တီဗက်ဇ်တို့က အတွဲညီပြီး ဂိုးတွေလည်း သွင်းယူနိုင်နေတာမို့ ကာလင်းဖလား ကွာတားဖိုင်နယ်မှာ ဘလက်ဘန်းကို သရေကစားထားတဲ့ ချယ်လ်ဆီးဟာ ခက်ခက်ခဲခဲ ကစားရမှာ သေချာပါတယ်။ ဒရော့ဘာ ခြေပေါ်ရင်တော့ ဂိုးမပြတ်တဲ့ အနိုင်ရလဒ် ရရှိနိုင်ပါတယ်။

အာဆင်နယ်နှင့် စတုတ်

ခြေယိုင်နေတဲ့ အာဆင်နယ်ဟာ စတုတ်ကို ခြေကုန်ကန်ရမယ့် ကိန်းပါပဲ။ ချယ်လ်ဆီးကို သုံးဂိုးပြတ်၊ မန်စီးတီးကို ကာလင်းဖလား ကွာတားဖိုင်နယ်မှာ သုံးဂိုးပြတ် ရှုံးထားတဲ့ အာဆင်နယ်ဟာ ဗန်ပါစီလည်း ကြံ့ခိုင်မှုမပြည့်ဝသေးတာမို့ ရှိတဲ့ အားနဲ့ ညှစ်သုံးရမယ့်အခြေအနေ ဖြစ်နေပါတယ်။ စတုတ်ဟာ အိမ်ကွင်း ခြေမာပေမယ့် အဝေးကွင်းရလဒ် မကောင်းတတ်တာမို့ အာစင်ဝင်းဂါး စနစ်တကျ လူခင်းကျင်းနိုင်ရင်တော့ အိမ်ကွင်းမှာ နိုင်ပွဲ ရနိုင်မှာ ဖြစ်ပါတယ်။

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ။

ဘလက်ဘန်းနှင့် လီဗာပူး

ချယ်လ်ဆီးကိုသရေပွဲဖြစ်အောင်ကစားထားတဲ့ ဘလက်ဘန်းခြေက လျှော့တွက်လို့ မရပါဘူး။ ဒေးဗစ်ဒန်းနဲ့ ရောဘတ်တို့ကလည်း ဂိုးတွေသွင်းယူနေကြတာမို့ ဧည့်သည် လီဗာပူးတို့ အကျပ်အတည်းရှိနိုင်တဲ့ပွဲ ဖြစ်နေပါတယ်။ ဒါပေမယ့် တောရက်စ်နဲ့ ဂျရတ်တို့ ခြေစွမ်းပြနိုင်ရင်တော့ ဘလက်ဘန်းတို့ အိမ်ကွင်းမှာ အနိုင်ရလဒ်မျှော်လင့်ဖို့ သိပ်မလွယ်ပါဘူး။ ဒီနှစ်မှာ အိမ်ကွင်း ရလဒ်ကောင်းတဲ့ ဘလက်ဘန်းတို့ကတော့ အနည်းဆုံး တစ်မှတ်တော့ ရအောင်ယူမယ်လို့ ထင်ပါတယ်။

ဗီလာနှင့် ဟူးလ်စီးတီး

ဗီလာမှာ အဘွန်လဟောတို့ အုပ်စုခြေစွမ်းပြပြီး ဂိုးတွေ သွင်းယူနေတာမို့ ဟူးလ်စီးတီးတို့ ဒီပွဲမှာ သိပ်တော့မလွယ်ပါဘူး။ ဟူးလ်စီးတီးမှာ ဂျီရိုဗန်နီ၊ စတီဖင်ဟန့်တို့ပဲ ခြေပေါ်နေတာမို့ ဗီလာနဲ့ပွဲမှာ မျှော်လင့်ချက်ကြီးကြီးထားလို့ မရနိုင်ပါဘူး။ ဗီလာတို့ အနိုင်ရမယ့်ပွဲလို့ ယူဆပါတယ်။

ဂူဗာဟမ်တန်နှင့် ဘော်လ်တန်

တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ ဒီနှစ်သင်းစလုံးကတော့ အနိုင်ရရေး ခြေကုန်ထုတ်ကြမှာမို့ ကြည့်ကောင်းမယ့် ပွဲပါပဲ။ ဂူဗာဟမ်တန်က တိုက်စစ်မှူး ဒွိုင်လီ ဒီနှစ်မှာ ပုံမှန်ဂိုးသွင်းခြေစွမ်း မရသေးသလိုဘော်လ်တန် တိုက်စစ်မှူး တေလာလည်း ဂိုးပေါက်လွဲနေဆဲဖြစ်နေပါတယ်။ဒါပေမယ့်အားပေးသင့်တာကတော့ ဘော်လ်တန်လို့ မြင်ပါတယ်။

ပို့စ်မောက်နှင့် ဘန်လေ

အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပေမယ့် အဝေးကွင်းမှာနိုင်ပွဲမရသေးတဲ့ ဘန်လေကို အိမ်ကွင်းမှာ ပို့စ်မောက်တို့ အနိုင်ကစားပါလိမ့်မယ်။ တန်းစီဇယား အောက်ဆုံးနေရာက လွတ်မြောက်အောင် ရုန်းကန်ရမယ့် ပို့စ်မောက်တို့ကတော့ ဘိုရာတန်နဲ့ ဒင်ဒိန်းတို့ အားကိုးနဲ့ ကြိုးစားမှာမို့ ရလဒ်ကောင်းမယ်လို့ မျှော်လင့်ပါတယ်။

ဝီဂန်နှင့် ဘာမင်ဂမ်

ခြေပျက်နေတဲ့ ဝီဂန်ကို ဘာမင်ဂမ်တို့ ဘယ်လိုကျော်ဖြတ်မလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဘာမင်ဂမ်မှာ လီဘောင်ယာနဲ့ လာဆင်တို့က ဂိုးသွင်းခြေစွမ်းထက်နေတာမို့ ဝီဂန်တို့ အလေးထားရမှာပါပဲ။ ဒါပေမယ့် နိုင်ပွဲလိုအပ်နေတဲ့ ဝီဂန်တို့ အိမ်ကွင်းမှာ

မန်ယူတိုက်စစ်မှူး ရွန်နေ။

အမှတ်ပြည့်ရအောင် ခြေကုန်ထုတ်မှာမို့ ဝီဂန်တို့ ရလဒ်ကောင်းမယ်လို့ ယူဆပါတယ်။

ဖူလ်ဟမ်နှင့် ဆန်းဒါးလန်း

ဒီနှစ် နှစ်သင်းစလုံး ခြေမကျတာမို့ ဒီပွဲဟာ ပွဲကောင်းတစ်ပွဲ ဖြစ်မှာပါပဲ။ ဆန်းဒါးလန်း တိုက်စစ်မှူး ဒါရင်ဘင့်ရဲ့ ဂိုးသွင်းစွမ်းရည်ကို ဖူလ်ဟမ်တိုက်စစ်မှူး ဒမ်ပဆေး မမီသေးပါဘူး။ အသင်းလိုက် စုစည်းမှုအားကောင်းတဲ့နေရာမှာ ဖူလ်ဟမ်တို့ သာနေတာမို့ အိမ်ကွင်းမှာ ဖူလ်ဟမ်တို့ မျက်နှာပန်းလှနိုင်ပါတယ်။

အဲဗာတန်နှင့် စပါး

ဒီနှစ်မှာ စပါးခြေစွမ်းက အံ့သြစရာကောင်းအောင် ကောင်းမွန်နေပါတယ်။ အိမ်ကွင်း၊ အဝေးကွင်းရလဒ် မျှနေတာမို့ အခုပွဲမှာ အဝေးကွင်း ဖြစ်ပေမယ့် တိုက်စစ်မှူး ဒီဖိုးရဲ့ ဂိုးသွင်းခြေစွမ်းနဲ့ နိုင်ပွဲရယူနိုင်ပါလိမ့်မယ်။ အဲဗာတန်မှာ ဆာဟာက အားကိုးနိုင်ပေမယ့် ကြံ့ခိုင်မှုမပြည့်ဝသေးတာမို့ စပါးတို့ကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမှာပါ။ စပါးကို ပိုပြီး နှစ်သက်ပါတယ်။ ။

ကိုးကား-အင်တာနက်

အီတလီလူငယ်တိုက်စစ်မှူး မာချီဒါ မန်ယူနှင့် လေးနှစ်စာချုပ် ထပ်မံချုပ်ဆို



လန်ဒန် ဒီဇင်ဘာ ၃

လူငယ်တိုက်စစ်မှူး မာချီဒါအား မန်ယူက လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်၍ ၂၀၁၄ခုနှစ်အထိ မန်ယူ၌ ကစားရမည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားသည်။

အသက် ၁၈နှစ်ရှိ တိုက်စစ်မှူး မာချီဒါသည် လွန်ခဲ့သည့် ဧပြီလက မန်ယူ၌ စတင်ကစားခဲ့ရာ အက်စ်တွန်ဗီလာနှင့် ကစားသောပွဲတွင် ပထမဆုံးအနိုင်ဂိုးကို မန်ယူအတွက် သွင်းယူပေးနိုင်ခဲ့သည်။

မာချီဒါသည် အရည်အချင်းရှိသူဖြစ်ကြောင်း၊ လာမည့်နှစ်များအတွင်း အသင်းအတွက် အားထားရမည့် တိုက်စစ်မှူးကောင်းဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။ အီတလီတိုက်စစ်မှူးလည်းဖြစ်သည့် မာချီဒါသည် မန်ယူအတွက် ၁၀ပွဲကစားပေးခဲ့ရာတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း ယခုနှစ် ပရီမီယာလိဂ်တွင် မကစားရသေးဟု ဆိုသည်။ ၎င်းသည် လာဇီယို လူငယ်အသင်းကစားသမားဟောင်းဖြစ်ပြီး ၂၀၀၈ခုနှစ် ဩဂုတ် ၂၂ရက်က မန်ယူသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ (အင်တာနက်)

မန်ယူအတွက်ကြယ်တစ်ပွင့် ဂစ်ဆင်ဖြစ်လာမည်ဟုဆို

လန်ဒန် ဒီဇင်ဘာ ၃

စပါးနှင့်ကစားခဲ့သည့် ကာလင်းဖလား ကွာတားဖိုင်နယ်တွင် အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့သော လူငယ်ကွင်းလယ်ကစားသမား ဒါရွန်ဂစ်ဆင်အား နည်းပြကြီး ဖာဂူဆန်နှင့် ကစားဖော်များက ချီးကျူးစကား ဆိုကြသည်။

အသက် ၂၂ နှစ်ရှိ ဂစ်ဆင်သည် အန်ဒါဆင်ကဲ့သို့ ခြေစွမ်းရှိသူဖြစ်ကြောင်း၊ အန်ဒါဆင်နှင့် ဂစ်ဆင်တို့သည် တွဲဖက်လည်းညီကြောင်း ဖာဂူဆန်ကပြောကြားသည်။ (အင်တာနက်)

တိုက်စစ်မှူးတစ်ဦး အာဆင်နယ် ခေါ်ယူမည်

လန်ဒန် ဒီဇင်ဘာ ၃

လာမည့် ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီတွင် အာဆင်နယ်အနေဖြင့် တိုက်စစ်မှူးတစ်ဦး မဖြစ်မနေ ခေါ်ယူရမည်ဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက အတည်ပြုပြောကြားသည်။

အာဆင်နယ်အသင်းတွင် အဓိကအားထားရသော တိုက်စစ်မှူး ဗန်ပါစီသည် ခြေပွတ်တိုင်ဒဏ်ရာရရှိထားသဖြင့် ငါးလကြာ အနားယူရမည်ဖြစ်ခြင်းကြောင့် တိုက်စစ်မှူးတစ်ဦး အမြန်အလိုရှိနေသည်ဟု နည်းပြ အာစင်ဝင်းဂါးက ဆက်လက် ပြောကြားသည်။ အာဆင်နယ်အသင်းအနေဖြင့် တိုက်စစ်မှူး ဗန်ပါစီ၏နေရာတွင် အရေးပေါ် အစားထိုးရန်အတွက် ဘော်ဒိုး တိုက်စစ်မှူး ချာမတ်ချ်နှင့် အီတလီ ၂၁နှစ်အောက်ကြယ်ပွင့် မာရီယိုဘာလိုတယ်လီတို့အား ဆက်သွယ်ထားသည်။ (အင်တာနက်)

လန်ဒန်မာရသွန်ပြိုင်ပွဲ ချန်ပီယံများဆင်နွှဲမည်

လန်ဒန် ဒီဇင်ဘာ ၃

ကင်ညာနိုင်ငံသား ဆာမိဝမ် ဂျီရုနှင့် ဂျာမနီနိုင်ငံသူ အိရီနာမီကီတန်ကိုတို့သည် လာမည့်နှစ် လန်ဒန်မာရသွန်ပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီးချန်ပီယံ ဆုများကို ကာကွယ်ကြလိမ့်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အိုလံပစ်ချန်ပီယံဝမ်ဂျီရုသည် အဆိုပါ လန်ဒန်မာရသွန် အမျိုးသား ပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်နေသကဲ့သို့ မီကီတန်ကိုကလည်း ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ အသက် ၂၃နှစ်ရှိ ဝမ်ဂျီရုသည် ပြီးခဲ့သည့်နှစ် လန်ဒန် မာရသွန်ပြိုင်ပွဲတွင် စံချိန် နှစ်နာရီ ငါးမိနစ် ကိုးစက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ (အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် စုစည်းသည်

ဘရာဇီးကွင်းလယ်ကစားသမား ဆန်ဒရိုအား စပါးအသင်းမှ စာချုပ်၍ ခေါ်ယူမည်

စပါးအသင်းသည် ဘရာဇီးလက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ဆန်ဒရိုအား ပေါင် ၇သန်းဖြင့် လာမည့်ဒီဇင်ဘာ ၅ရက်တွင် စာချုပ်ချုပ်ဆိုခေါ်ယူမည်ဟု သတင်း၌ ဖော်ပြသည်။

ဝုဖ်ဘတ်ဂ်တိုက်စစ်မှူးဒီဇီကိုအား မန်ယူအသင်းက ခေါ်ယူရန်စဉ်းစားနေ

လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်တွင် ဝုဖ်ဘတ်ဂ်တိုက်စစ်မှူး အီဒင်ဒီဇီကိုအား မန်ယူက ခေါ်ယူရန်စဉ်းစားနေသည်ဟု ဆိုသည်။

ခံစစ်မှူး ဆန်းဒရို့စ် အာဆင်နယ်မှ ထွက်ခွာမည်

အာဆင်နယ်ခံစစ်မှူး ဆန်းဒရို့စ်သည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်တွင် အာဆင်နယ်မှ ထွက်ခွာမည်ဟုဆိုသည်။

ဂူဗာဟမ်တန်အသင်းနည်းပြ မက္ကာသီ လိဒ်စ်တိုက်စစ်မှူးအား လေ့လာအကဲခတ်နေ

ဂူဗာဟမ်တန်အသင်းနည်းပြ မစ်ခ်မက္ကာသီသည် လိဒ်စ်ယူနိုက်တက်အသင်းမှ ပေါင်ခြောက်သန်းတန် တိုက်စစ်မှူး ဂျာမိန်းဘက်ဖို့ဒ်အား လေ့လာစုံစမ်းမှုများ ပြုလုပ်နေသည်ဟုဆိုသည်။

ပို့စ်မောက်တိုက်စစ်မှူး ဂျွန်အူတာကာအား ဆဲလ်တစ်အသင်းသို့ အငှားချဖွယ်ရှိ

ပို့စ်မောက်အသင်းသည် တိုက်စစ်မှူး ဂျွန်အူတာကာကို လာမည့် ဇန်နဝါရီလတွင် စကော့တလန်ပရီမီယာလိဂ်အသင်းဖြစ်သည့် ဆဲလ်တစ်သို့ အငှားချထားရန် စီစဉ်နေသည်။

မာဆေးအသင်းမှ တိုက်စစ်မှူးနှစ်ဦးအား ဘာမင်ဂမ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေ

ဘာမင်ဂမ်အသင်းသည် ပြင်သစ်ကလပ်အသင်း မာဆေးမှ တိုက်စစ်မှူးများဖြစ်ကြသော ဘရန်ဒါအိုနှင့် မာမက်ဒိုနီအန်တို့အား ခေါ်ယူရန် စိတ်ဝင်စားနေသည်။

တိုက်စစ်မှူးတိုနီအား ခေါ်ယူရန် ဝက်စ်ဟမ်းနှင့် ဘိုင်ယန်ဆွေးနွေးနေ

ဝက်စ်ဟမ်းအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ အီတလီတိုက်စစ်မှူး လူကာတိုနီအားခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ဆိုသည်။

ကမ္ဘာ့ဟဲဗီးဝိတ်သရဖူလုပွဲ ဟော့ပ်ကင်းနှင့် ဟာရေးတို့ယှဉ်ပြိုင်ထိုးသတ်မည်

အောင်ပွဲနှင့်အတူ ကြိုးဝိုင်းအတွင်းသို့ တစ်ကျော့ပြန်ဝင်လာသော အမေရိကန်လက်ဝှေ့ကျော် ဘားနတ်ဟော့ပ်ကင်းသည် ကမ္ဘာ့ဟဲဗီးဝိတ်သရဖူလုပွဲတွင် ဗြိတိန်လက်ဝှေ့သမား ဒေးဗစ်ဟာရေးနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

အိုင်ဘီအိုခရူဇာဝိတ်သရဖူလုပွဲ ဒန်နီက ရှိုင်ဂျုံးအား အလဲထိုးအနိုင်ယူ

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ဒီဇင်ဘာ ၂ရက်က ယှဉ်ပြိုင်ထိုးသတ်သည့် အိုင်ဘီအိုခရူဇာဝိတ်တန်း သရဖူလုပွဲတွင် ဩစတြေးလျနိုင်ငံသား ဒန်နီဂရီးန်က ကမ္ဘာ့လက်ဝှေ့ကျော် ရှိုင်းဂျုံးဂျူနီယာကို ပထမအချီတွင် တစ်မိနစ်အတွင်း၌ အလဲထိုး အနိုင်ရယူသည်။

ဘယ်လ်ဂျီယံတင်းနစ်သမား မလစ်ဆီနှင့်ဝစ်ခ် မူးယစ်ဆေးသုံးမှုကြောင့် ကစားခွင့်တစ်နှစ်ပိတ်ပင်ခံရ

ဘယ်လ်ဂျီယံတင်းနစ်သမားမလစ်ဆီနှင့် တင်းနစ်မယ်ဝစ်ခ်မာယာတို့သည် တင်းနစ်ပြိုင်ပွဲစည်းကမ်းများကို ချိုးဖောက်ကာ မူးယစ်ဆေးသုံးစွဲခဲ့မှုကြောင့် ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်မှ တင်းနစ်ကစားခွင့် တစ်နှစ် ပိတ်ပင်လိုက်သည်ဟု ဆိုသည်။

* ရှေ့ဖုံးမှ

အခြားသော တိုးတက်လာသည့် အဆောက်အအုံများမှာ အခြေခံပညာ ကျောင်းများ၊ ဆေးရုံနှင့် လူနေအိမ်များ လည်း တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရသည်။ နေပြည်တော်လယ်ဝေးသည် တစ်ချိန်ကနှင့်မတူ တိုးတက် ပြောင်းလဲ လာသည်မှာ အမှန်ပင်ဖြစ်ပါ၏။

စိုက်ပျိုးရေး

နေပြည်တော်လယ်ဝေးသည် စိုက်ပျိုးရေး တိုးတက်အောင်မြင် ဖြစ်ထွန်းသော မြို့နယ်ဖြစ်သည်။ နှစ်စဉ် မိုးရွာသွန်းမှု ကောင်းမွန်သည်။ မြေပြန့်လွင်ပြင်လယ်မြေ များ ပေါများသည်။ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ကြံနှင့် အစေ့ထုတ်ပြောင်း တို့ကို အများအပြား စိုက်ပျိုးကြောင်း သိရ

မန္တလေး ကားလမ်းမကြီးတစ်လျှောက်၌ လူနေအိမ်များ ပြတ်တောင်း ပြတ်တောင်း တွေ့ရသည်။ ယခုအခါ လူနေအိမ်များ ရန်ကုန်-မန္တလေး လမ်းတစ်လျှောက် ထူထပ်နေသည်။ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ကာမှ နံရံကပ်တိုက်များ ဆောက်လုပ် လာကြသည်။ အထူးသဖြင့် မြို့လယ် လမ်းဖြစ်သည့် ရန်ကုန်-မန္တလေး ကား လမ်းမကြီးဘေးတွင် ပရိဘောဂဆိုင်များ

နေပြည်တော်လယ်ဝေး မြို့လယ်ရှိ အလုပ်သမား၊ လယ်သမားတို့ကို ကိုယ်စားပြု ထုလုပ်ထားသော ရုပ်တုအား ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

တိုးတက်ပြောင်းလဲ

မြန်မာ့အလင်း သတင်းခရီးသည်များ သည် မကြာမီက နေပြည်တော်လယ်ဝေး သို့ ရောက်ခဲ့သည်။ မြို့၏ တိုးတက် ပြောင်းလဲလာမှုများနှင့်စပ်လျဉ်း၍ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ထွန်းက ဤသို့ရှင်းပြ၏။

"ကျွန်တော်တို့ နေပြည်တော် လယ်ဝေးဟာ ရန်ကုန်-မန္တလေးကားလမ်း မကြီး ဖြတ်သန်းသွားလာရာ မြို့ဖြစ်လို့ ယာဉ်သွားယာဉ်လာများပါတယ်။ အထူး သဖြင့် မြို့ပေါ်နဲ့ ကျေးလက်ပြည်သူတွေ အများစုဟာ ဆိုင်ကယ်တွေ စီးလာနိုင် ကြပါပြီ။ ဒါကြောင့်လည်း မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီက ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းတွေနဲ့ ပတ်သက်ပြီး ပညာပေး ကွင်းဆင်း ဆောင်ရွက်လျက်ရှိပါတယ်။

"ယာဉ်တိုက်မှုမဖြစ်ပေါ်အောင် ဆိုင်ကယ်စီးသူတွေအနေနဲ့ ယာဉ် စည်းကမ်းကို တိတိကျကျလိုက်နာဖို့ လိုပါတယ်"

ကိုဇော်မျိုး
နေပြည်တော်လယ်ဝေး
သဲတောကြီးကျေးရွာ

အချက်အချာကျ

"ဒီလိုဒေသနေပြည်သူများ လူနေမှု ဘဝတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မြို့ရဲ့အဓိက အချက်အချာကျရာ မြို့လယ် မီးပွိုင့်ကိုလည်း အဆင့်မြှင့်တင် ဆောင် ရွက်ခဲ့ရပါတယ်။ ဒီမီးပွိုင့်ကြီးမှာ တယ် လီဖုန်း၊စီစီတီဗွီ၊ လမ်းညွှန်ဆိုင်းဘုတ်၊ အရှိန်လျှော့ ဆိုင်းဘုတ်တွေ တပ်ဆင်ထား ပါပြီ။ မြို့ရဲ့ အဓိကလမ်းဆုံနေရာများမှာ မီးပွိုင့် ၁၂ခုတပ်ဆင်ပေးပြီးဖြစ်ပါတယ်။ ဒီမီးပွိုင့် ၁၂ခုအနက် မြို့လယ်မီးပွိုင့် ကတော့ ရန်ကုန်-မန္တလေး ကားလမ်း မကြီး ဖြတ်သန်းသွားလာရာ မီးပွိုင့်ဖြစ် ပါတယ်။ နေပြည်တော်လယ်ဝေးမှာ ရပ်ကွက် ခြောက်ရပ်ကွက်ရှိပါတယ်။ မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၉အုပ်စု၊ ကျေးရွာပေါင်း ၂၅၃ ရွာ ရှိပါတယ်"ဟု ဦးနိုင်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြ သည်။

သည်။ နှစ်စဉ် မိုးစပါး စိုက်ဧက ၆၀၀၀၀ ကျော်၊ နွေစပါး စိုက်ဧက ၃၀၀၀ ဝန်းကျင် စိုက်ပျိုးလျက်ရှိသည်။ ဆီထွက်သီးနှံ နေကြာ ထက် နှမ်းကို အဓိက စိုက်ပျိုးကြသည်။ ယခင်နှစ်က နှမ်းစိုက်ဧက ၃၀၀၀၀ ကျော် ရှိသည်။ မိုးစပါးအပြီး မတ်ပဲစိုက်ပျိုးခြင်း မှာ ထိုဒေသ၏ လယ်သမားများ အဓိက အားထားရာ သီးနှံဖြစ်သည်။ ထို့အပြင် ပဲတီစိမ်းကိုလည်း စိုက်ကြသေးသည်။

ကြံစိုက်ဧက

ထို့အပြင် နှစ်စဉ် ကြံစိုက်ဧက ၁၀၀၀၀ အထက်တွင် ရှိသည်။ အနီးအနားရှိ သကြားစက်များအတွက် ကြံကုန်ကြမ်း သီးနှံကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ဒေသနေ တောင်သူလယ်သမားများမှာ စိုက်ပျိုးရေးကို အခြေခံလျက် ဝင်ငွေ စီးပွား တိုးပွားလျက်ရှိသည်။ ထို့ကြောင့်လည်း မြို့ပေါ်နေ ပြည်သူများထက် ကျေးလက် ဒေသနေပြည်သူများသည် စက်ဘီးသာမက ဆိုင်ကယ်စီးနိုင်သူ ပိုမိုများပြားလာသည်။ မြို့ပေါ်တွင် ဆိုင်ကယ်စီးနိုင်သူ ၅၀၀ခန့် ရှိကြောင်း၊ ကျေးရွာများ၌ ဆိုင်ကယ်စီး နိုင်သူ ၂၇၄၁ဦး ရှိကြောင်း နေပြည်တော် လယ်ဝေး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စာရင်းများအရ သိရသည်။

လူမှုဘဝမြင့်မား

လယ်သမားများ ဝင်ငွေတိုးပွား လူမှု ဘဝ တိုးတက်မြင့်မားလာခြင်းကြောင့် ကျေးလက်မှ မြို့ပေါ်သို့ ပြောင်းရွှေ့နေထိုင် သူလည်း များပြားလာသည်။ ယခင်က နေပြည်တော်လယ်ဝေးသည် ရန်ကုန်-

အတော်များများ တွေ့ရသည်။ နေပြည် တော်လယ်ဝေးမှာ နေပြည်တော်၏ အဓိက ပရိဘောဂဈေးကွက်ဖြစ်ပုံရသည်။ နေပြည် တော်တွင် အခြေချနေထိုင်သူများအနေဖြင့် လိုအပ်သည့် ပရိဘောဂများကို နေပြည် တော်လယ်ဝေးတွင် ဈေးသက်သက်သာသာ ဖြင့် လာရောက်ဝယ်ယူကြသည်။

သီရိရတနာ မြို့မဈေး

နေပြည်တော်လယ်ဝေး၏ အထင်ကရ ဈေးကြီးမှာ သီရိရတနာမြို့မဈေးကြီးဖြစ်

နေပြည်တော်လယ်ဝေးအတွင်း ဖြတ်သန်းသွားရာ ရန်ကုန်-မန္တလေး ကားလမ်းမကြီးကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

သည်။ ထိုဈေးကြီးမှာလည်း ရန်ကုန်- မန္တလေး ကားလမ်းမကြီးဘေးတွင် တည်ရှိ နေခြင်းကြောင့် အလွန်စည်ကားလှသော ဈေးကြီးဖြစ်သည်။ ဈေးကြီး၏ အဝင် မုခ်ဦးကို နာရီးစင်ကြီးဖြင့် ဖန်တီး တည် ဆောက်ထားသည်မှာ မြို့၏ တိုးတက် ပြောင်းလဲနေသော မြင်ကွင်းတစ်ရပ်အဖြစ် တွေ့ရသည်။ ဈေးကြီးအတွင်း ဒေသ ထွက်ကုန် ကောက်ပဲသီးနှံမျိုးစုံနှင့် ဟင်းသီး ဟင်းရွက် အမျိုးစုံလင်စွာ ရောင်းချ သည်။

ထိုသီရိရတနာ မြို့မဈေးကြီးအနီး တော်ဝင် ဘတ်စ်ကားဂိတ်နှင့် နေပြည် တော် ပျဉ်းမနားအကြား တော်ဝင်ဘတ်စ် ကားကြီးများ၊ အခြားသောယာဉ်ငယ်လိုင်း များ ပြေးဆွဲလျက်ရှိခြင်းကြောင့် နေပြည် တော်လယ်ဝေးသည် နေပြည်တော်နှင့် တစ်ဆက်တစ်စပ်တည်းတိုးတက်ပြောင်းလဲ လျက်ရှိသည်ကို တွေ့ရသည်။ ထိုမြို့ အနီးတွင် နေပြည်တော်၏ မြို့သစ်တစ်မြို့ ဖြစ်သော ဒက္ခိဏသီရိကိုလည်း တည် ဆောက်နေပြီဖြစ်ကြောင်း သိရ သည်။ နေပြည်တော်လယ်ဝေးအနီး နေပြည်တော် လေဆိပ်ကြီးတည်ရှိနေမှုမှာ ထူးခြားသည့် ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်သည်။ ၁၉၈၈ခုနှစ် နောက်ပိုင်း နေပြည်တော်လယ်ဝေး အတွင်း ချောင်းမငယ် ရေလှောင်တမံစီမံ ကိန်း၊ မဒန်းဆည် တည်ဆောက်ရေးစီမံ ကိန်းနှင့် ပလွေးဆည် တည်ဆောက်ရေး စီမံကိန်းများကိုလည်း နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သို့ပါ၍ နေပြည်တော်လယ်ဝေးသည် စိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေး တိုးတက်ကောင်းမွန်လာကာ ဘက်စုံဖွံ့ဖြိုး အလှဝေဖြာတိုးနေသော မြို့ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားတင်ပြလိုက် ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

နေပြည်တော်လယ်ဝေး မြို့လယ်ရှိ လမ်းဆုံမီးပွိုင့်ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)



နှစ်စဉ် ကြံစိုက်ဧက ၁၀၀၀၀ အထက်တွင် ရှိသည်။ အနီးအနားရှိ သကြားစက် များအတွက် ကြံကုန်ကြမ်းသီးနှံကို စိုက်ပျိုးလျက်ရှိသည်။ ဒေသနေ တောင်သူ လယ်သမားများမှာ စိုက်ပျိုးရေးကို အခြေခံလျက် ဝင်ငွေ စီးပွားတိုးပွားလျက်ရှိ သည်။

မင်းဗထူး၏ ဘဝကိုပြောင်းလဲစေသော အရာများ

စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၃

မင်းဗထူး၏ဘဝကို ပြောင်းလဲစေသောအရာများ (လှသဘောထားရပ်တည်ချက်) စာအုပ်ကို တူဒေးစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ (ယာပုံ)

ဘာသာပြန်ဆိုထား

ယင်းစာအုပ်မှာ စာရေးဆရာ John C. Maxwell ၏ The Difference Maker ကို ဘာသာပြန်ဆိုထားသော စာအုပ်ဖြစ်သည်။

စာရေးသူက "လူတစ်ယောက်သည် သူ့ဘဝကို ပြောင်းလဲလိုလျှင် သူကိုယ်တိုင် တာဝန်ယူ၍ သဘောထားရပ်တည်ချက် ရွေးချယ်မှုတစ်ခု ပြုလုပ်ရမည်။ သူ၏သဘော ထားရပ်တည်ချက်သည် သူ့ဘဝကို အမှန်တကယ် ကွဲပြားခြားနားသွားအောင် လုပ်ပေးပါ လိမ့်မည်။ ထိုသို့ ကွဲပြားခြားနားခြင်း၏ရလဒ်သည်လည်း သူ့အပေါ်မှာသာ တည်ပါ လိမ့်မည်"ဟူ၍ သူ၏အမြင်ကို တင်ပြထားသည်။

ယင်းစာအုပ်တွင် သဘောထားရပ်တည်ချက်ကို ဘယ်ကရခဲ့သလဲ၊ သဘောထားရပ်တည်ချက်က မလုပ်နိုင်သောကိစ္စများ၊ သဘောထားရပ်တည်ချက်က ဘာလုပ်ပေးနိုင်သလဲ၊ သဘောထားရပ်တည်ချက်ကို အဖိုးတန်အရည်အချင်းဖြစ်အောင် ဘယ်လိုလုပ်မလဲ၊ စိတ်ပျက်ခြင်းကို ကိုင်တွယ်ဖြေရှင်းပါ၊ သဘောထားရပ်တည်ချက်ကို အောင်မြင်စွာပြောင်းလဲခြင်း၊ ပြဿနာကို မှန်ကန်စွာ ကိုင်တွယ်ဖြေရှင်းပါ၊ ကြောက်ရွံ့ခြင်းကို ဘယ်လိုကိုင်တွယ်မလဲ၊ ဆုံးရှုံးခြင်းမှ အမြတ်ထွက်အောင် ဘယ်လိုလုပ်မလဲနှင့် သင့်သဘော ထားရပ်တည်ချက်သည် အခြားလူများ၏ဘဝကိုလည်း ကွဲပြားခြားနားသွားစေရန် ကူညီနိုင်သည်ဟူသည့် အခန်း ၁၀ခန်း ပါဝင်ပြီး တစ်ခန်းချင်းကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ယင်းစာအုပ်ကို တူဒေးစာအုပ်တိုက် ရန်ကုန်မြို့ ဖုန်း-၅၀၇၃၈၅၊ ၅၀၇၃၉၁၊ ၅၀၇၃၉၂နှင့် မန္တလေးမြို့ ဖုန်း-၃၈၇၇၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေဝတီတံတား(စင်းခန်း) တည်ဆောက်ရေးလုပ်ငန်းခွင် ဧရိယာတွင် ရေယာဉ်များ စက်ရှိန်သတ်မောင်းနှင်ကြရန်

သတိပေးချက် ထုတ်ပြန်နှိုးဆော်

နေပြည်တော် ဒီဇင်ဘာ ၃

ဧရာဝတီမြစ်ကူးတံတား(စင်းခန်း) စီမံကိန်း၏ လုပ်ငန်းခွင်ဧရိယာ ဒုတိယ မြစ်ကျဉ်းအနီး၌ ဇက်ရေယာဉ်နှင့် ဝန်ချီစက်များအသုံးပြု၍ တံတား တည်ဆောက်ရေး လုပ်ငန်းကို အောက်တိုဘာ ၂၃ရက်မှ စတင်၍ နေ့စဉ် ၂၄နာရီ လုပ်ငန်းဆောင်ရွက် လျက်ရှိသည်။

သတိပေးနှိုးဆော်

တံတားတည်ဆောက်နေစဉ်ကာလအတွင်း လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်း စေရေးအတွက် ရေလယ်တိုင် (RP-4) နှင့် (RP-8) တို့အကြား ရေယာဉ်များ သွားလာရန် ရေလမ်းကြောင်းကို သတ်မှတ်ပေးထားသည်။ ရေယာဉ်ကြီး/ငယ် များအားလုံးသည် အဆိုပါ ရေလမ်းကြောင်းအတိုင်းသာ မောင်းနှင်ကြရန်နှင့် လုပ်ငန်းခွင်ဧရိယာ၏ အထက်/အောက် ကိုက် ၃၀၀ အကွာအဝေးမှစ၍ စက်ရှိန် သတ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်မှခွာ၍ မောင်းနှင်ကြရန် ရေအရင်း အမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ကျောဖုံးမှ

ဆက်လက်၍ အဆိုပါ စာကြည့်တိုက်အတွက် ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန် ထူးက (DTH) စနစ်စလောင်း၊ (ဓာတ်ပုံ-၁) မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က စာအုပ်စာစောင်များနှင့် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွန့်ရွှေက သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးနန္ဒိယကလက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

လက်ခံယူ

နံနက် ၁၁နာရီတွင် မြို့နယ်ဥက္ကဋ္ဌ နှင့်အဖွဲ့သည် ဝမ်ယေးကျေးရွာ စာကြည့် တိုက်အတွက် နိုင်ငံတော်မှ ပံ့ပိုးမတည်ငွေ ပေးအပ်သည့် အခမ်းအနားကို ဝမ်ယေး အမက ကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်ထူးက စာကြည့် တိုက် အဆောက်အအုံအတွက် ပံ့ပိုးမတည်ငွေ ပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးနန္ဒိယက လက်ခံယူသည်။

တပျော်တပါး

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်္ဂလာအချိန် မွန်းလွဲပိုင်းတွင် စာကြည့်တိုက် အဆောက်အအုံ မင်္ဂလာတိုင်ကို စိုက်ထူပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူး၍ **"E-commerce and Intellectual Property"** ဟောပြောပွဲကို ဒီဇင်ဘာ ၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ **Myanmar Info Tech, Hlaing Campus (Conference Hall)** တွင် **World Intellectual Property Organization (WIPO)**, မှ **Mr. Jose Luis Herce Vigil** က ဟောပြောဆွေးနွေးမည် ဖြစ်သဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင် အသင်းဝင်များနှင့်တကွ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင် ကြောင်းနှင့် အသေးစိတ် သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း **(MCIA) Myanmar Info Tech** (လှိုင်တက္ကသိုလ်နယ်မြေ) ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပစိဖိတ်သမုဒ္ဒရာအတွင်းမှ တူဗာလူးနိုင်ငံ

နိုင်ငံတကာ
သတင်းအက်ဆေး



တူဗာလူးနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းတွင် တည်ရှိသည်။ ဤနိုင်ငံမှာ ကျွန်းငယ်ကိုးကျွန်းဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည်။ ၁၉၇၈ခုနှစ်တွင် ဗြိတိသျှအုပ်စိုးမှုအောက်မှ လွတ်လပ်ရေးရလာသည်။ ကျွန်းငါးကျွန်းမှာ သန္တာကျောက်တန်းများဖြစ်ပြီး အခြားကျွန်းလေးကျွန်းမှာမူ သမုဒ္ဒရာကြမ်းပြင်မှ ပေါ်ထွက်လာသည့် ကျွန်းငယ်များဖြစ်သည်။

တိုက်ပွဲဝင်

ဤနိုင်ငံ၏ မြေမျက်နှာပြင်မှ မည်သည့်နေရာဒေသမဆို ပင်လယ်ရေမျက်နှာပြင်အထက် ၄ဒသမ၅မီတာမျှပင်မကျော်သဖြင့် တူဗာလူးကျွန်းနိုင်ငံမှာ ကမ္ဘာ့ရာသီဥတုဆက်ဆိုးရွားလာလျှင် ပျောက်ကွယ်မည့် အန္တရာယ်ကြုံတွေ့နေရသည်။ သို့မို့ကြောင့်ပင် တူဗာလူးနိုင်ငံရေးသမားများက ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် တက်ကြွစွာနိုးဆော်တိုက်ပွဲဝင်နေကြခြင်းဖြစ်သည်။

သိမ်းကျုံးခေါ်ဝေါ်

ဤနိုင်ငံသို့ တွန်ဂါများ၊ ဆာမိုအာများနှင့် ပိုလီနီးရှန်းများသည် ၁၄ရာစုက ပြောင်းရွှေ့လာခဲ့ကြသည်။ ၁၅၆၈-၁၅၉၅ခုနှစ်များအတွင်း စပိန်တို့ရောက်လာသည်။ ၁၈၁၉ ခုနှစ်တွင် ဗြိတိန်အမတ်အက်ဒွပ်အဲလစ်ပိုင် သင်္ဘောတစ်စင်းဆိုက်ရောက်လာပြီး ဖူနာဖူတာကျွန်းကို အဲလစ်ကျွန်းဟု သင်္ဘောမာလိန်မှူးက အမည်ပေးလိုက်သည်။ ထို့နောက်ကျွန်းကိုးကျွန်းစလုံးကို အဲလစ်ကျွန်းများဟု သိမ်းကျုံးခေါ်ဝေါ် သမုတ်လိုက်သည်။

> **သို့မို့ကြောင့်ပင် တူဗာလူး နိုင်ငံရေးသမားများက ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် တက်ကြွစွာ နိုးဆော်တိုက်ပွဲဝင်နေကြခြင်းဖြစ်။**

၁၈၅၀-၁၈၇၅ ခုနှစ်တွင် ဖီဂျီနှင့် ကွင်းစလန်တို့ရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဲလစ်ကျွန်းများရှိ ကျွန်းသားများကို အဓမ္မစေခိုင်းရန် ပြန်ပေးဆွဲသည်။ ဥရောပမှရောဂါများကူးစက်လာသဖြင့် အဲလစ်ကျွန်းသားဦးရေမှာ ၂၀၀၀၀ရှိရာမှ ၃၀၀၀အထိ ကျဆင်းသွားသည်။ ၁၈၆၃ခုနှစ်တွင် ပီရူးကျွန်း ကုန်သည်များက ကျွန်းသား ၄၀၀တို့ကို ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့သည်။

ကြေညာ

၁၈၇၇ခုနှစ်တွင် ဗြိတိန်က အနောက်ပစိဖိတ် မဟာမင်းကြီးရုံး ဖွင့်လှစ်သည်။ ဌာနချုပ်မှာ ဖီဂျီတွင်ဖြစ်၏။ အဲလစ်ကျွန်းများနှင့် အခြားကျွန်းစုများကို ဗြိတိန်၏ စီရင်ပိုင်ခွင့်အောက်သို့ သွတ်သွင်းလိုက်သည်။ ၁၈၉၂ခုနှစ်တွင် အဲလစ်ကျွန်းများနှင့် ဂီလ်ဘတ်ကျွန်းများကို ပူးတွဲအထိန်းသိမ်းခံနိုင်ငံအဖြစ် ဗြိတိန်က ကြေညာသည်။ ၁၉၁၆ခုနှစ်တွင် ဂီလ်ဘတ်နှင့် အဲလစ်ကျွန်းများကို ကိုလိုနီထူထောင်သည်။ နောင်အနှစ် ၂၀အတွင်း လိုင်းကျွန်းများ၊ ဖိုးနစ်ကျွန်းများ အပါအဝင် အခြားကျွန်းစုကိုပါ ကိုလိုနီလက်အောက်ခံအဖြစ် သတ်မှတ်သည်။

၁၉၇၄ခုနှစ်တွင် လူမျိုးရေးပြဿနာ ပေါ်ပေါက်လာသည်။ ပိုလီနီးရှန်းအဲလစ်ကျွန်းသား ၉၀ရာခိုင်နှုန်းကျော်တို့က မိုက်ခရိုနီးရှန်း၊ ဂီလ်ဘတ်ကျွန်းများ၏ စိုးမိုးမှုမှ ခွဲထွက်ရန် ဆန္ဒမဲပေးကြသည်။

ရွေးကောက်ပွဲကျင်းပ

၁၉၇၅ခုနှစ်တွင် အဲလစ်ကျွန်းများသည် တူဗာလူးအမည်ဖြင့် သီးသန့် ဗြိတိသျှလက်အောက်ခံနိုင်ငံဖြစ်လာသည်။ တိုအာရီပီလောတီကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၇၆ခုနှစ်တွင် ဂီလ်ဘတ်ကျွန်းမှ တရားဝင်ခွဲထွက်သည်။ ၁၉၇၇ခုနှစ်တွင် ပထမဆုံး သီးခြားရွေးကောက်ပွဲ ကျင်းပသည်။

၁၉၇၈ခုနှစ် အောက်တိုဘာ ၁ရက်တွင် လွတ်လပ်ရေးရရှိသည်။ တိုဘာရီပီလောတီကို ဝန်ကြီးချုပ်တာဝန်ပေးသည်။ ၁၉၈၇ခုနှစ်တွင် ဖွံ့ဖြိုးရေးအကူအညီပေးရေးအတွက် ဗြိတိန်၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့က တူဗာလူးယုံကြည်အပ်နှံမှုရန်ပုံငွေထူထောင်သည်။ ထိုရန်ပုံငွေသို့ တောင်ကိုရီးယားနှင့်ဂျပန်တို့ကလည်း ငွေကြေးထည့်ဝင်သည်။

၁၉၈၉ခုနှစ်တွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၂၁ရာစုနှစ်အတွင်း ပင်လယ်ရေအောက် နစ်မြုပ်ပျောက်ကွယ်သွားနိုင်သည့် ကျွန်းများစာရင်းတွင် တူဗာလူးနိုင်ငံကိုပါ ကုလသမဂ္ဂက ထည့်သွင်းကြေညာသည်။ ၂၀၀၀ ပြည့်နှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ ၂၀၀၁ ခုနှစ်တွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ရေလွှမ်းခံရမည့် အန္တရာယ်ကြုံလာလျှင် မိမိတို့နိုင်ငံသို့ လာရောက်အခြေချကြရန် တူဗာလူးနိုင်ငံသားများအား နယူးဇီလန်နိုင်ငံက ကမ်းလှမ်းလိုက်သည်။

ထုတ်ပြန်

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ လေထုတွင်းထုတ်လွှတ်မှုလျှော့ချရေးကို ကျိုတိုနိုင်ငံတကာသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်သည့် အမေရိကန်နိုင်ငံအား တူဗာလူးနိုင်ငံက ကီရီဘာတီနှင့် မော်လဒိုက်နိုင်ငံများနှင့်အတူ တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ၂၀၀၁ခုနှစ် မတ်လတွင် ထုတ်ပြန်ကြေညာသည်။

ဤနိုင်ငံ၏ တစ်ခုတည်းသောပို့ကုန်မှာ အုန်းသီးဆန်ခြောက်ပင်ဖြစ်သည်။ ဤနိုင်ငံမှာ နိုင်ငံခြားအကူအညီ၊ ငါးမည်းလုံးငါးဖမ်းလိုင်စင်ရောင်းရငွေ၊ ၁၉၈၇ ခုနှစ်က ထူထောင်သည့် ယုံကြည်အပ်နှံမှု ရန်ပုံငွေမှရရှိသော အတိုးတို့အပေါ် မှီခိုနေရသည်။ ထို့ပြင် တံဆိပ်ခေါင်းရောင်းချရာမှ ရရှိသောဝင်ငွေလည်း ရှိသေးသည်ဟုဆိုပါကြောင်း ။ ။

ကိုးကား-အင်တာနက် **တိုးရေးသားသည်**

ကမ္ဘာ့အကြီးဆုံးမြို့များ

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးများအနက် ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့ကြီးအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

ရှန်ဟိုင်းမြို့

တရုတ်နိုင်ငံအလယ်ပိုင်း ယန်စီမြစ်ကမ်းခြေ၌ တည်ရှိသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့တစ်မြို့ဖြစ်ပြီး မြို့ပြဧရိယာ အကျယ်ဆုံးမြို့လည်းဖြစ်သည်။ **(ဝဲပုံ)** တရုတ်နိုင်ငံ၏ အကြီးဆုံးစီးပွားရေးမြို့တစ်မြို့ဖြစ်ပြီး ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှုအလျင်မြန်ဆုံး မြို့လည်းဖြစ်သည်။ ရှန်ဟိုင်းမြို့၏ အကျယ်အဝန်းမှာ ၁၉၂၈စတုရန်းကီလိုမီတာရှိပြီး ၂၀၀၈ခုနှစ် စာရင်းကောက်ယူမှုအရ လူဦးရေ ၁၈၈၈၄၆၀၀ကျော် နေထိုင်သည်။ ရှန်ဟိုင်းမြို့သည် ခရိုင်ပေါင်း ၁၈ခရိုင်ပါဝင်ပြီး စီရင်စုတစ်စုလည်းပါဝင်သည်။ ရှန်ဟိုင်းမြို့သည် ကမ္ဘာပေါ်တွင် အကြီးဆုံး ကုန်တင်ဆိပ်ကမ်းမြို့ဖြစ်ပြီး မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၊ သင်္ဘောလုပ်ငန်းကုမ္ပဏီနှင့် အခြား စီးပွားရေးလုပ်ငန်း အများအပြား အခြေစိုက်ရာ မြို့ဖြစ်သည်။ **(အင်တာနက်)**

မွမ်ဘိုင်းမြို့

အိန္ဒိယနိုင်ငံ၏ မြို့တော်ဖြစ်ပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့လည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံ မဟာရာရှထရာ ပြည်နယ်၌တည်ရှိပြီး လူဦးရေ များပြားစွာနေထိုင်ရာ မြို့ကြီးတစ်မြို့လည်းဖြစ်သည်။ ယခင်က ဘုံဘေဟု အမည်ပေးခဲ့သော်လည်း ၁၉၉၅ခုနှစ်တွင် မွမ်ဘိုင်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ (အောက်ပုံ) မွမ်ဘိုင်းမြို့တွင် ခရိုင်နှစ်ခု ပါဝင်ရာ မွမ်ဘိုင်းစီးတီးနှင့် မွမ်ဘိုင်းစူဘာ့ဘန်ခရိုင်တို့ဖြစ်သည်။ မွမ်ဘိုင်းမြို့၏ အကျယ်အဝန်းမှာ ၆၀၃ ဒသမ ၄စတုရန်း ကီလိုမီတာရှိပြီး ၂၀၀၈ခုနှစ် စာရင်းကောက်ယူမှုအရ လူဦးရေမှာ ၁၃၉၂၂၁၂၅ဦး ဖြစ်သည်။ ဘောလီးဝုဒ်ရုပ်ရှင်၊ စတော့ငွေကြေးဈေးကွက်၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ အခြေစိုက်ရာ မြို့လည်းဖြစ်သည်။ (အင်တာနက်)

ကရာချိမြို့

ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ်အတွင်းတည်ရှိပြီး ကမ္ဘာပေါ်တွင် မြို့ပြဧရိယာအကျယ်ဝန်းဆုံး မြို့တစ်မြို့လည်းဖြစ်သည်။ ကရာချိမြို့သည် အကျယ်အဝန်းစုစုပေါင်း စတုရန်းကီလိုမီတာ ၃၅၃၀ရှိပြီး နေထိုင်သည့် လူဦးရေမှာ ၁၈သန်းကျော်ရှိသည်။ ကရာချိမြို့တွင် အထည်အလိပ်လုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများစွာ အခြေစိုက်သည့် မြို့လည်းဖြစ်သည်။ **(အပေါ်ပုံ)** ကရာချိမြို့သည် တောင်အာရှဒေသ၌ ပညာတတ်အပေါ်များဆုံးမြို့လည်းဖြစ်ပြီး ကရာချိမြို့၏ စည်ပင်သာယာရေးကော်မတီကို ၁၈၅၃ခုနှစ်ကပင် ဖွဲ့စည်းကာ မြို့စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်ပြီး ဖွံ့ဖြိုးမှုလျင်မြန်သော မြို့တစ်မြို့လည်း ဖြစ်သည်။ **(အင်တာနက်)**

4-12 (15).pmd 1 12/4/2009, 12:46 PM

ယာဉ်နှင့် လမ်းစည်းကမ်းလိုက်နာရေး ဖြူးမြို့၌ ဆောင်ရွက်

ဖြူး နိုဝင်ဘာ ၃၀

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ဖြူးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းမှုကော်မတီဥက္ကဋ္ဌ ဦးသူရနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ရက် နံနက် ၈နာရီက ဖြူးမြို့တောင်ဘက် ညောင်ကားယားရွာအနီး ရန်ကုန်-မန္တလေးကားလမ်း၌ မော်တော်ယာဉ်များ ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်လိုင်စင်များပြည့်စုံမှု ရှိ မရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ရှိ မရှိတို့ကို စစ်ဆေးဆောင်ရွက်ကြသည်။ (အောက်ပုံ) (၀၅၁)

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ခုနှစ် ကျေးလက်လမ်းတံတား ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော အင်္ဂပူ-ညောင်ကျိုးကျေးလက်လမ်းပေါ်ရှိ အေးစေတီတံတား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးက ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်မှုအခြေအနေကို နိုဝင်ဘာ ၁၈ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ချိုချိုနွယ်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၈၂)

ကျန်းမာရေး စောင့်ရှောက်မှု ကန့်ဘလူ၌ ဆောင်ရွက်

ကန့်ဘလူ နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်နု၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဝေဝေဦး၊ ကလေးအထူးကုသမားတော်ကြီး ဒေါက်တာဝင်းဝင်းမာ၊ အထွေထွေရောဂါကု သမားတော်ကြီး ဒေါက်တာနီလာထွန်း၊ အရေပြားနှင့် ကာလသားရောဂါတိုက်ဖျက်ရေးဌာန ဒေါက်တာအောင်မွန်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်က ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာနှင့် ထန်းကုန်းကျေးရွာတို့သို့ ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဌေးဌေးဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနလက်ထောက်ဆရာဝန် ဒေါက်တာစိုးသန္တာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသိပညာ ပေးဟောပြောခြင်း၊ ကလေးငယ်များ အာဟာရကျွေးမွေးပြုစုခြင်းတို့ကို နတ်ပေးရွာ၌ နံနက် ၈နာရီမှ ၁၁နာရီအထိလည်းကောင်း၊ ထန်းကုန်းရွာ၌ မွန်းလွဲ၁နာရီမှ ညနေ ၄နာရီခွဲအထိ လည်းကောင်း ဆောင်ရွက်ကုသပေးကြောင်း သိရသည်။ (၀၂၇)

အင်းတော် မော်လူးစံပြကျေးရွာဘက်စုံဖွံ့ဖြိုးရေး ၂၄နာရီ သဘာဝစိမ့်စမ်းရေရရှိရေး ဆောင်ရွက်

မော်လူး နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် မော်လူးဒေသအုပ်စု၊ ရပ်ကွက်၊ ကျေးရွာများသို့ ၂၄နာရီသဘာဝ စိမ့်စမ်းရေ ရရှိရေးအတွက် သဘာဝရေရရှိနိုင်ရေးကော်မတီမှ ဦးဆောင်၍ တတိယအကြိမ် ရေပေးဝေရေးလုပ်ငန်း အစည်းအဝေးကို အောက်တိုဘာ ၂၂ရက် နံနက်၁၀နာရီက မော်လူး ဒက္ခိဏာရာမကျောင်းတိုက်၌ ကျင်းပရာ ရေလှူ့ောက်ထားသူ ၃၆၀တို့ တက်ရောက်ကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

စာစီစာကုံးပြိုင်ပွဲ ရေစကြို၌ ဆုချီးမြှင့်

ရေစကြို နိုဝင်ဘာ ၂၅

ရေစကြို အထက(၁) မြတ်မာခန်းမ၌ (၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၁ရက်က ကျင်းပရာ အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြပြီး ကျောင်းသားကျောင်းသူများက ဇာတိမာန်တေးသီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (မြို့နယ် ပြန်/ဆက်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် သာယာဝတီမြို့ အမှတ်(၂) ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့ နိုဝင်ဘာ ၂၀ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ဆောက်ရန် မြေနေရာသတ်မှတ်

မိုးကောင်း နိုဝင်ဘာ ၂၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်းနှင့် မြေစာရင်းဦးစီးဌာနမှ မြေတိုင်းစာရေး ဦးအောင်နေဆန်းတို့သည် နိုဝင်ဘာ ၁၇ရက် နံနက် ၉ နာရီက မြတောင်ကျေးရွာတွင် နိုင်ငံတော် ခွင့်ပြုငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြသည်။

သတ်မှတ်

ထို့နောက် မြတောင်ကျေးရွာဥက္ကဋ္ဌ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌဦးကျော်မောင်နှင့်ကော်မတီအဖွဲ့ဝင်များက မြေတိုင်းစာရေး ဦးအောင်နေဆန်းနှင့်အတူ စာကြည့်တိုက် ဆောက်လုပ်မည့် မိုးကောင်း-မြစ်ကြီးနားကားလမ်းဘေး မြေအကျယ် အလျားပေ၄၀× အနံ ၂၇ပေတို့ကို တိုင်းထွာသတ်မှတ်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသော အမဲ၊ ဆိတ်၊ ဝက်၊ ငါး အရောင်းဆိုင်များ၌ သားငါးများ ရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ရောင်းချမှု ရှိမရှိကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်း ပြင်ဦးလွင် ခရိုင်ပြန် ကြား ရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ် သန်း သန်း ဝေ နိုဝင်ဘာ ၂၃ရက်က ပြင်ဦးလွင် မြို့နယ် ဆင်ခေါင်းလေးကျေးရွာအုပ်စု ဆင်ခေါင်းလေး ကျေးရွာတွင် နိုင်ငံတော် မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော လင်းရောင်ခြည် စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ခန္တီးမြို့၌ နည်းပညာသိပ္ပံကျောင်း ဆောက်လုပ်ရေးစစ်ဆေး

ခန္တီး နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်း ခန္တီးမြို့ အစိုးရနည်းပညာသိပ္ပံကျောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှထွန်းသည် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ လိုက်ပါ၍ အောက်တိုဘာ ၂၉ ရက်က ရောက်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းကော်မတီဝင်များ၏ ရှင်းလင်းချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားကာ ဆရာ ဆရာမများအဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ပင်မကျောင်းဆောင် ဆောက်လုပ်မည့် မြေနေရာတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(ခရိုင် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

သောတရှင်ပရိသတ်များအကြား

အောင်မြင်ရေပန်းစားလာသော မန္တလေး FM ရေဒီယို

တွေ့ဆုံမေးမြန်း

တေးသံရှင်သျှီအား မန္တလေး FM က တွေ့ဆုံမေးမြန်းနေစဉ်။
ဓာတ်ပုံမှတ်တမ်း-
မောင်မောင်ထွေး(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၃

နံနက်တိုင်းထိုင်နေကျ ရန်ကုန်တိုင်း သုဝဏ္ဏမြို့ ရပ်ကွက်အတွင်းရှိ လက်ဖက်ရည်ဆိုင်ကား လူကြီး လူငယ် ပရိသတ်စုံလှ၏။ သို့သော် အခြားဆိုင်များကဲ့သို့ ဂြိုဟ်တုစလောင်းမရှိ၊ ရုပ်မြင်သံကြားဖမ်းစက်မရှိ၊ ဘောလုံးပွဲမရှိ၊ ကက်ဆက်မရှိ၊ ရေဒီယိုတစ်လုံးနှင့် ဆောင်းဘောက်စ်သာရှိ၏။

စာမျက်နှာ ၈ ကော်လံ ၁ ■

မိုးနဲမြို့နယ် နားခံကျေးရွာစာကြည့်တိုက်သို့ ရုပ်/သံဖမ်းစလောင်းနှင့် စာအုပ်၊ စာစောင်များလှူဒါန်း

လင်းခေး ဒီဇင်ဘာ ၃

လင်းခေးခရိုင် မိုးနဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီက မိုးနဲမြို့နယ် နားခံစံပြကျေးရွာ သုတစာကြည့်တိုက်ခန်းမဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော ရုပ်/သံဖမ်းစလောင်းနှင့် စာအုပ်၊ စာစောင်များ ပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။

ပညာပေးဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်ထူးက (DTH) စနစ် စလောင်းလှူဒါန်းရခြင်း ရည်ရွယ်ချက်၊ ကျေးရွာစာကြည့်တိုက် စံ(၅)ရပ်နှင့်အညီ ပြည့်စုံနိုင်ရေး၊ ကျေးရွာပြည်သူ စာတတ်သူတိုင်း စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာတိုးပွားစေရေး၊ ရုပ်/သံသတင်းများ ကြည့်ရှုခြင်းဖြင့် ဗဟုသုတတိုးပွားကာ လူနေမှုဘဝ မြင့်မားလာစေရေး အကြောင်းတို့ကို ပညာပေး ဆွေးနွေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❍

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
မောင်မောင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် အတင့်ဖြစ်ထွန်းမည်။